



# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု ပြည်ထောင်စုလွှတ်တော်အပေါ် ခြုံငုံသုံးသပ်ချက် (၂၀၁၁ - ၂၀၁၆)

Renaud Egreteau

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ် အမှတ် (၁၉)

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု ပြည်ထောင်စုလွှတ်တော်အပေါ် ခြုံငုံသုံးသပ်ချက် (၂၀၁၁ - ၂၀၁၆)

**Renaud Egreteau**

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ် (၁၉)

မေလ ၂၀၁၇ ခုနှစ်

ယခုမူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်သည်မူလအစီရင်ခံစာဖြစ်သည့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု-ပြည်ထောင်စုလွှတ်တော်အပေါ် ခြုံငုံသုံးသပ်ချက် (၂၀၁၁ - ၂၀၁၆) ၏ အနှစ်ချုပ်ဖြစ်သည်။ မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

http://www.asiafoundation.org

ရည်ညွှန်းကိုးကား - Renaud Egreteau (မေလ၊ ၂၀၁၇ ခုနှစ်) ၏ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု-ပြည်ထောင်စုလွှတ်တော်အပေါ် ခြုံငုံသုံးသပ်ချက် (၂၀၁၁ - ၂၀၁၆)၊

ရန်ကုန်၊ အာရှဖောင်ဒေးရှင်း

## အခန်း ၁။ မိတ်ဆက်နိဒါန်း

၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ သို့မဟုတ် စစ်အာဏာရှင်) ဖျက်သိမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် အသွင်ကူးပြောင်းရေးလုပ်ငန်းများအနက် လွှတ်တော်ပြန်လည်ထွက်ပေါ်လာခြင်းသည် အထင်ရှားဆုံး ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ နအဖ အုပ်ချုပ်မှုအောက်တွင် အငြင်းပွားဖွယ်ရာများစွာနှင့် ကျင်းပခဲ့သည့် ၂၀၁၀ နိုဝင်ဘာ ရွေးကောက်ပွဲ အပြီးတွင် လွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်တစ်ရပ် ကိုလိုနီခေတ်လွန်မြန်မာနိုင်ငံတွင် ပေါ်ထွက်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပထမအကြိမ် ကျင်းပခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး၁၄ ခုတွင်လည်း သက်ဆိုင်ရာလွှတ်တော်များကို ဖွဲ့စည်းခဲ့သည်။

ဖွဲ့စည်းပြီးသည့် အချိန်မှစပြီး အာဏာရှင်ခေတ်လွန်တွင် အရေးပါသည့် နိုင်ငံရေးစုဖွဲ့မှု နေရာတစ်ခုအဖြစ် ပြည်ထောင်စုလွှတ်တော်သည် တဖြည်းဖြည်းပြောင်းလဲလာခဲ့ပြီး ဥပဒေပြုလွှတ်တော်၏ အဓိကလုပ်ငန်းကြီး ၃ ရပ်ဖြစ်သော ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ကိုယ်စားပြုခြင်းများကို တစတစ အကောင်အထည်ဖော်ခဲ့သည်။ ပထမသက်တမ်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဦးဆောင်မှု အောက်တွင်လည်းကောင်း (၂၀၁၁ - ၂၀၁၆)၊ ဒုတိယသက်တမ်းကို ၂၀၁၅ ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သည့်ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်လာခဲ့သည်။ သက်တမ်းအားဖြင့် မကြာလှသေးသော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် နိုင်ငံ၏ဗျူရိုကရေစီလုပ်ငန်းများကို စစ်ဆေးခြင်း၊ စိစစ်သတ်မှတ်ခြင်းများတွင် အရေးပါသည့် ဆောင်ရွက်ချက်များကို စတင်ခဲ့သည်။ စစ်အာဏာရှင်များလက်ထက်တွင် စိတ်ကူးပင် မယဉ်နိုင်ခဲ့သော နစ်နာမှုများ၊ တိုင်ကြားမှုများကို ဖော်ထုတ်နိုင်သည့် ပြည်သူ့ဟစ်တိုင် အသစ်တစ်ခုအနေဖြင့်လည်း နေရာယူနိုင်ခဲ့သည်။ ယင်းသို့လွှတ်တော်စနစ်ကို အကူးအပြောင်း ကာလအတွင်း ပြန်လည်အသက်သွင်းရန် ကြိုးစားမှုသည် အာဏာရှင်ခေတ်လွန်နိုင်ငံများအတွင်း ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် တွေ့မြင်နိုင်သည်။

သို့သော် ယင်းကဲ့သို့ အားရဖွယ်တိုးတက်မှုများကြောင့် အာဏာရှင်ခေတ်လွန် ဥပဒေပြုမဏ္ဍိုင် ခိုင်မာတိုးတက်ရေးလုပ်ငန်းစဉ်များသည် အနာဂတ်တွင်တည်ငြိမ်မည်၊ အောင်မြင်မည်ဟု ကံသေကံမမပြောနိုင်ပါ။ ရေရှည် အကျိုးသက်ရောက်မှု၊ ကိုယ်စားပြုမှု၊ သက်တမ်းနုနယ်သေးသည့် လွှတ်တော်၏ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ လိုအပ်မှုရှိသေးသည့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို မြှင့်တင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ၊ ပြန်လည်ဖွဲ့စည်းမှုများပြုလုပ်ရန် လိုအပ်သည့် နေရာများစွာရှိသည်။ သိသာထင်ရှားသော အားနည်းချက်များမှာ အရင်းအမြစ်များချို့တဲ့ခြင်း၊ စုဖွဲ့မှုအင်အားမရှိခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေကြမ်းပြုစုရာတွင် ကျွမ်းကျင်မှုမရှိခြင်း၊ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို ပိုင်နိုင်စွာတတ်ကျွမ်းမှုမရှိခြင်း၊ စစ်တပ်နှင့် နအဖခေတ်လွန် အစိုးရကြားတွင် လွတ်လပ်စွာဆောင်ရွက်နိုင်မှုအားနည်းခြင်း အစရှိသည်တို့ဖြစ်သည်။

မြန်မာ့လွှတ်တော်သည် မူဝါဒရေးရာနှင့် ဥပဒေပြုမှုများတွင် အမိန့်ပေးခြင်းဖြင့် တိုက်ရိုက်ပါဝင်ခြင်း မဟုတ်ဘဲ သွယ်ဝိုက်လွှမ်းမိုးခြင်း၊ တိုက်ရိုက်စောင့်ကြည့်ခြင်းထက် ရွေးကောက်ခံစနစ်ဖြင့် အစိုးရဌာနများ၏ လုပ်ရှားမှုများနှင့် အမူအကျင့်များကို ထိန်းကျောင်းနိုင်စွမ်းရှိသော တစတစ တိုးတက်လာသော လွှတ်တော်အမျိုးအစားထဲတွင် ပါဝင်နေသည်။ ရွေးကောက်ပွဲရလဒ်များ၊ ပါတီထိန်းချုပ်ထားမှုများကို ကျော်လွန်လျက် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်၊ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးများမြှင့်တင်ရန် အားစိုက် ဆောင်ရွက်နေသည့် လွှတ်တော်အသစ်၏ ဆောင်ရွက်ချက်များကို ပံ့ပိုးနိုင်ရန် နိုင်ငံတကာ အလှူရှင်များနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများသည် လွှတ်တော်စွမ်းရည်မြှင့်တင်ရေး အစီအစဉ်ကို စတင်ရေးဆွဲလျက်ရှိသည်။ လုပ်ငန်းများ လည်ပတ်နေသည့် ဒီမိုကရေစီကိုယ်စားပြု နိုင်ငံအစုအဖွဲ့ တစ်ခုအဖြစ် ခိုင်မာတောင့်တင်းလာစေရန် အခွင့်အရေးဖြစ်သည်။

## အခန်း ၂။ ပါလီမန်ဒီမိုကရေစီ ပြန်လည်အသက်ဝင်ခြင်း

၁၉၈၈ ခုနှစ်စစ်အာဏာသိမ်းမှုအပြီးတိုက်ရိုက်စစ်အုပ်ချုပ်ရေးမှ အရပ်သားတစ်ပိုင်းပါဝင်သည့် အစိုးရအဖြစ်သို့ ပြောင်းလဲရန် ၂၃ နှစ် အချိန်ယူခဲ့ရသည်။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်သည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အားအတည်ပြုပြီးနောက် စတင်အရှိန်ရလာပြီး ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများသည် လက်တစ်ဆုပ်စာ လူများ ဦးစီး

ဆောင်ရွက်ခဲ့သော၊ အထက်အောက်သဘောဆန်ပြီး ဖြစ်စဉ်တစ်ခုလုံးကို စစ်တပ်ကအဓိက စိုးမိုးထားခဲ့သည်ဟုယူဆခဲ့ကြသည်။ အသစ်စက်စက် ရွေးကောက်ခံသည့် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည်။ ပြီးနောက် အရပ်သားများနှင့် စစ်တပ်မှ ခန့်အပ်သည့် ဝန်ကြီးများပါဝင်သည့် စစ်တစ်ပိုင်းအစိုးရကို ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော ပြည်ထောင်စုလွှတ်တော်မှ ရွေးကောက်တင်မြှောက်လိုက်သည့် နအဖ ၏ ဝန်ကြီးချုပ်ဟောင်း တစ်ဦးဖြစ်သူ ပြည်ထောင်စု သမ္မတ ဦးသိန်းစိန်က ဦးဆောင်ခဲ့သည်။

**ဥပဒေပြုမှုပုံစံများ** - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၄ တွင် အာဏာရှင်ခေတ်လွန် ဥပဒေပြုမဏ္ဍိုင် ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို ဖော်ပြထားသည်။ ဥပဒေပြုနိုင်သည့် အာဏာကို ပြည်ထောင်စုအဆင့် လွှတ်တော် ၂ ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်တွင် အပ်နှင်းထားသည်။ လွှတ်တော် ကိုယ်စားလှယ် နေရာပေါင်း ၄၄၀ ပါဝင်သည့် ပြည်သူ့လွှတ်တော် နှင့် ၂၂၄ နေရာ ပါဝင်သည့် အမျိုးသားလွှတ်တော်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထက်လွှတ်တော်၊ အောက်လွှတ်တော်ဟု ဖော်ပြထားခြင်းမရှိပါ။ သို့သော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် စာတမ်းများနှင့် လွှတ်တော်ဆိုင်ရာ ဆွေးနွေးမှုများတွင် နေ့စဉ်သုံးအနေဖြင့်အသုံးပြုနေကြသည်။

**နေရာချထားမှု** - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နေရာ ၃၃၀ နှင့် အမျိုးသားလွှတ်တော် နေရာ ၁၆၈ တို့၏ ၄ ပုံ ၃ ပုံကို မဲစနစ်ဖြင့်ရွေးချယ်မည်ဟု ဖော်ပြထားသည်။ ပြည်သူ့လွှတ်တော်ရှိ မဲဆန္ဒနယ် ၃၃၀ မှာ မြန်မာနိုင်ငံရှိမြို့နယ် ၃၃၀ကို အခြေခံထားခြင်းဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတိုင်းတွင် ရွေးကောက်ခံနေရာ ၁၂ နေရာရှိသည်။ ကျန်ရှိသည့် ၁ ပုံသည် တပ်မတော်သားကိုယ်စားလှယ်များအတွက်ဖြစ်ပြီး ရွေးကောက်ခံဖြစ်ရန် မလိုဘဲ လွှတ်တော်တွင်နေရာရမည် ဖြစ်သည်။ အောက်လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ နှင့် အထက်လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးတို့ နေရာရရှိမည်ဖြစ်သည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားကိုယ်စားလှယ်များကို ခန့်အပ်ထားသည်။ တပ်မတော်သားကိုယ်စားလှယ်များကို ကြိုက်သည့်အချိန်တွင် အစားထိုးလဲလှယ်နိုင်သည်။ လွှတ်တော်နှစ်ရပ်ရှိ အရပ်သား ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ပုံသေ ၅ နှစ်ဖြစ်သည်။

**လွှတ်တော်နှစ်ရပ်** - လွှတ်တော်နှစ်ရပ်တွင် အာဏာတန်းတူရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်သော၊ အတောင်အလက်ပြည့်စုံသော လွှတ်တော်များအဖြစ် ရပ်တည်ကြပြီး လွှတ်တော်တစ်ရပ်၏ လုပ်ငန်းကို အခြားလွှတ်တော်တစ်ရပ်မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိပါ။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းတစ်ခုပေါ် ဆုံးဖြတ်ချက်ချရန် ခက်ခဲမှုများဖြစ်ပေါ်လာပါက ပြဿနာဖြေရှင်းရန်၊ မဲခွဲရန်အတွက် လွှတ်တော်နှစ်ရပ် ကိုယ်စားလှယ်များ ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော် ကျင်းပဖြေရှင်းသည်။လွှတ်တော် နှစ်ရပ်လုံးတွင် ဥပဒေကြမ်းများ တင်သွင်းနိုင်သည်။ ချွင်းချက်အနည်းငယ်အနေဖြင့် ဘဏ္ဍာနှစ်တစ်နှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေကြမ်း၊ အခွန်ဆက်စပ်ဥပဒေကြမ်းများ၊ ပြည်ထောင်စုအဆင့် လုပ်ငန်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများကို ပြည်ထောင်စုလွှတ်တော်တွင်သာ တင်ပြရန် သတ်မှတ်ထားသည်။ အထက်လွှတ်တော် ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌအဖြစ် ၅ နှစ်သက်တမ်း၏ တစ်ဝက်ကို တာဝန်ယူရမည်ဖြစ်ပြီး ကျန်ရှိသည့် သက်တမ်း လပေါင်း ၃၀ ကို အောက်လွှတ်တော် ဥက္ကဋ္ဌမှ တာဝန်ယူရမည်ဖြစ်သည်။

**၂၀၁၀ ရွေးကောက်ပွဲများ** - ၂၀၁၀ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နအဖ ထိန်းချုပ်မှုအောက်၌ ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ စစ်တပ်အုပ်ချုပ်ရေးမှ အရပ်သားတစ်ပိုင်းပါဝင်သည့် အုပ်ချုပ်ရေးသို့ ကူးပြောင်းရာတွင် ပရမ်းပတာ မဖြစ်စေရန် ရည်ရွယ်လျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲများနှင့်မတူပဲ ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏ ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ပွဲကို သပိတ်မှောက်ရန်ဆုံးဖြတ်ခဲ့သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာလည်း မသမာမှုများနှင့်ပြည့်နေပြီး အလိမ်အညာ ရလဒ်များအဖြစ် အကြီးအကျယ်ရှုတ်ချခဲ့ကြသည်။အငြိမ်းစား စစ်တပ် အရာရှိများ၊ အစိုးရ ဝန်ထမ်းဟောင်းများ၊အစိုးရနှင့် အဆင်ပြေသောတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသတွင်း ဩဇာရှိသည့် စီးပွားရေးသမားများပါဝင်သည့် နအဖ နောက်ခံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီသည် မဲအများစု ရရှိခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၈၈ ဦးဖြင့် ပြည်ထောင်စုလွှတ်တော်၏ ၅၉ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်လည်ဝင်ရောက်လာခြင်း** - ၂၀၁၂ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲများပြုလုပ်ခဲ့သည်။ ယခုတစ်ကြိမ်တွင် အဖွဲ့ချုပ်သည် ရွေး

ကောက်ပွဲဝင်ရန် ရွေးချယ်ခဲ့ပြီး အပြတ်အသတ်အနိုင်ရခဲ့ကာ ပြည်ထောင်စုလွှတ်တော်တွင် နေရာ ၄၂ နေရာ ယူနိုင်ခဲ့သည်။ ပြည်ခိုင်ဖြိုးနောက် ဒုတိယအင်အားအကြီးဆုံး အရပ်သားကိုယ်စားလှယ်အင်အားစုအဖြစ် ရှမ်းနှင့် ရခိုင်ပါတီများရှေ့တွင် ရပ်တည်နိုင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် ရပ်တည်ခဲ့သည်။

**၂၀၁၅ ရွေးကောက်ပွဲများ -** အာဏာရှင်ခေတ်လွန် ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆယ်စုနှစ်များအတွင်း လွတ်လပ်မှု၊ တရားမျှတမှု အရှိဆုံး ရွေးကောက်ပွဲဟု သတ်မှတ်နိုင်သည်။ အဖွဲ့ချုပ်အပြတ်အသတ်အနိုင်ရခဲ့ပြီး မဲပေးနိုင်သည့် စုစုပေါင်း ပမာဏ၏ ၅၈ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း အဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၂၅၄ ဦးနှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ဝင်ရောက်လာသည်။ အမျိုးသားလွှတ်တော်တွင် အဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၃၅ နေရာ ရယူထားခဲ့သည်။ အာဏာရပါတီသည် ပြည်ထောင်စုလွှတ်တော်၏ ၅၉ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီး ၂၀၁၀ ရွေးကောက်ပွဲအပြီး လွှတ်တော်ကို ပြည်ခိုင်ဖြိုးစိုးမိုးထားသည့်နည်းတူ စိုးမိုးနိုင်ခဲ့သည်။

**မှတ်ချက် -** ၂၀၁၀ ရွေးကောက်ပွဲများသည် အပြောင်းအလဲကာလ ဥပဒေပြုသူများကို အာဏာရှင်ခေတ်လွန် ပြည်ထောင်စုလွှတ်တော်အတွင်းသို့ သွတ်သွင်းလိုက်သည်။ ၎င်းတို့အနက် အများစုမှာ နအဖ ထောက်ခံသူများနှင့် ကာလရှည်ကြာဆက်ဆံရေးရှိခဲ့ကြသူများဖြစ်သည်။ ၂၀၁၅ ခုနှစ် အာဏာရှင်ခေတ်လွန် ဒုတိယအကြိမ်ရွေးကောက်ပွဲများသည် ဥပဒေပြုမဏ္ဍိုင်အခင်းအကျင်းကို လုံးဝနီးပါး ပြောင်းလဲလိုက်သည်။ ကိုယ်စားလှယ်ဟောင်း ၁၃ ရာခိုင်နှုန်းသာ ပြန်လည် ရွေးချယ်ခံရသည်။ ပြည်ခိုင်ဖြိုး အမာခံများသာမက ၂၀၁၀ တွင် ရွေးချယ်ခံရသည့် အမျိုးသားဒီမိုကရေစီပါတီမဟုတ်သည့် အခြားပါတီများ၊ တိုင်းရင်းသား အတိုက်အခံ နိုင်ငံရေးသမားအများစုမှာလည်း ပြန်လည်ရွေးချယ်ခြင်းမခံရတော့ပါ။ ဥပဒေပြုမဏ္ဍိုင်အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းသည် မြန်မာ့ အသွင်ပြောင်းလုပ်ငန်းစဉ် စုစည်းအောင်မြင်ရေးအတွက် ကြိုဆိုရမည့် အဖြစ်အပျက်ဖြစ်သည်။

လွတ်လပ်သည့်ရွေးကောက်ပွဲများ ပုံမှန်ကျင်းပခြင်းသည် အာဏာရှင်စိုးမိုးမှုမှ လွတ်မြောက်ရန် အားထုတ်မှုများကို အထောက်အကူဖြစ်စေသည်။ သို့သော်လည်း ဥပဒေပြုမဏ္ဍိုင်ပြောင်းလဲမှု မြင့်ခြင်းသည် နုနယ်သည့်လွှတ်တော်များ၏ တည်ငြိမ်မှုနှင့် ထိရောက်မှုအတွက် အကျိုးပြုမှုမရှိလှပါ။ နောင်လာမည့် ဥပဒေပြုလွှတ်တော်များတွင် လုပ်ရည်ကိုင်ရည် ထက်မြက်ပြီး စိတ်ပါလက်ပါဆောင်ရွက်သည့် ကိုယ်စားလှယ်များ လွှတ်တော်တွင် ပြန်လည်နေရာရရန်လိုအပ်သည်။ သို့မှသာ တိုင်းပြည်၏ ဥပဒေပြုမဏ္ဍိုင်အသစ် ဖွံ့စည်းတည်ထောင်မှုဖြစ်စဉ်ကို ပံ့ပိုးနိုင်မည်ဖြစ်သည်။

## အခန်း ၃။ လွှတ်တော်ဖွဲ့စည်းပုံ

ရန်ကုန်ရှိ လွှတ်တော်ဟောင်းနှင့်မတူဘဲ နေပြည်တော်မှ လွှတ်တော်မှာ တခမ်းတနားရှိသည်။ ဇေယျာသီရိ မြို့နယ်တွင် တည်ရှိပြီး ဧက ၈၀၀ ကျော်ကျယ်သည့် နေရာတွင် နန်းတော်သဖွယ် ပုံစံယူ ဆောက်ထားသည့် အဆောက်အဦ ၃၁ ခုဖြင့် လွှတ်တော်ကိုဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များကျင်းပရန် သီးသန့်ခန်းမကြီး ၃ ခုရှိသည်။ ခမ်းနားလှသည့်အဆောက်အဦများသို့ အများပြည်သူများကို အကန့်အသတ်နှင့် ဝင်ရောက်ခွင့်ပြုသည်။

**စီမံရေးရာကိစ္စ** - ကမ္ဘာ့အနှံ့ရှိလွှတ်တော်များတွင် ကိုယ်စားလှယ်များအပြင် လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများနှင့် အင်အား ဖြည့်တင်းထားလေ့ရှိသည်။ နိုင်ငံရေးအရ ဘက်လိုက်မှု မရှိစေရန် ရွေးချယ်ခန့်ထားသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သော လွှတ်တော်ဝန်ထမ်းများကို ဥပဒေပြုမဏ္ဍိုင်၏ ရုံးတွင်း ကော်မတီများနှင့် စီမံရေးရာရုံးများတွင် ခန့်ထားပြီး နေ့စဉ် လုပ်ငန်းများလည်ပတ်မှုရှိစေရန် တာဝန်ယူလုပ်ကိုင်ပေးရသည်။ ၂၀၁၀ခုနှစ် ရွေးကောက်ပွဲများအပြီး လွှတ်တော်ပြန်လည် ထွက်ပေါ်လာသည့်အခါတွင် လွှတ်တော်ရုံး တစ်ခုတည်းသာရှိပြီး ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ဦးဆောင်မှုအောက်တွင်ရှိသည်။ လွှတ်တော်အသစ်၏ ရုံးလစ်လပ်နေရာများအတွက် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှ စီမံရေးရာဝန်ထမ်းများ ခေါ်ယူခန့်ထားခဲ့သည်။ စစ်တပ်အငြိမ်းစားများအပါအဝင် အငြိမ်းစား ပြည်သူ့ဝန်ထမ်းများကို အကြံပေး သို့မဟုတ် နည်းပြ၊ သို့မဟုတ် အကြီးတန်းမန်နေဂျာများ အဖြစ် ခန့်ထားခဲ့သည်။ ပြည်ခိုင်ဖြိုးလွှတ်တော်မှ အစည်းအဝေးပွဲအချို့ ကျင်းပပြီးနောက်ပိုင်း လွှတ်တော်၏လုပ်ငန်းများ တစတစ မြင့်တက်လာသည့်အလျောက် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ လုပ်ငန်း

များကို ကြီးကြပ်ရန် သီးခြားစီမံယူနစ်သုံးခုကို ဝန်ထမ်းအင်အားဖြည့်တင်း၍ ဖွဲ့စည်းရန် ၂၀၁၂ ခုနှစ်တွင်ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် လွှတ်တော်ရုံးအားလုံးပေါင်းတွင် ဝန်ထမ်း ၁၂၄၀ ဦးရှိပြီး ၂၀၁၅ ခုနှစ် လွှတ်တော်ရုံးခေါင်းဆောင်ပိုင်းမှ ပြုစုထားသည့် ဝန်ထမ်းအင်အား ၃၁၀၀ ဖြည့်ဆည်းရန် လျာထားမှုနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။

**ပြည်ထောင်စုလွှတ်တော်ရုံး**ကို ညွှန်ကြားရေးမှူးချုပ်တစ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှစ်ဦးမှ ဦးဆောင်သည်။ ယင်းလွှတ်တော်ရုံး၏ ဝန်ထမ်းအင်အားသည် အခြားရုံးနှစ်ရုံးထက်စာလျှင် သိသိသာသာ လျော့နည်းသည်။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုလုပ်ငန်းအနည်းငယ်သာ ဆောင်ရွက်ရပြီး ရုံးမှ ပင်တိုင်ပံ့ပိုးရမည့် လွှတ်တော်ကိုယ်စားလှယ် မရှိပါ။ ရုံးကို ဌာန ၃ ခုဖြင့်ဖွဲ့စည်းထားသည်။

(၁) စည်းဝေးကျင်းပရေးဌာန (ဥပဒေပြုရေး) (လွှတ်တော် ၂ ရပ်ပေါင်းဆောင်ရွက်သည့် လွှတ်တော်ရေးရာ၊ ဥပဒေပြုကိစ္စရပ်များအား ပံ့ပိုးရန်)

(၂) နိုင်ငံတကာ ဆက်ဆံရေး၊ သုတေသနနှင့် စာကြည့်တိုက်ဌာန

(၃) စီမံဌာန (လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာရေးနှင့် အခြားစီမံတာဝန်များဆောင်ရွက်သည်)

ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ စီမံရေးရာ ညှိနှိုင်းသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း မရှိပါ။

**ပြည်သူ့လွှတ်တော်ရုံးကို** ညွှန်ကြားရေးမှူးချုပ်တစ်ဦးနှင့် လက်ထောက် ညွှန်ကြားရေးမှူးချုပ် ၄ ဦးက ဦးဆောင်သည်။ ရုံးကို ဌာန ၄ ခုဖြင့်ဖွဲ့စည်းထားသည်။

(၁) ဥက္ကဋ္ဌရုံး - ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌတို့၏ နေ့စဉ်တာဝန်များနှင့် ဆောင်ရွက်ချက်များကို စီမံသည်။

(၂) စည်းဝေးကျင်းပရေးဌာန (ပုံမှန်စည်းဝေး) - နေ့စဉ် လွှတ်တော်စည်းဝေးများ၊ ပြည်သူ့လွှတ်တော်၏ အမြဲတမ်းနှင့် ယာယီကော်မတီများ၏ လုပ်ငန်းများကို စီမံသည်။လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်များ၏ နေ့စဉ်ဆောင်ရွက်ချက်များကို ညှိနှိုင်းပေးသည်။ ပြည်ခိုင်ဖြိုးဦးဆောင်သည့် ပြည်သူ့လွှတ်တော် အပြီးတွင် ကော်မတီပေါင်း ၂၅ ကော်မတီကျန်ခဲ့ပြီး အဖွဲ့ချုပ်သက်တမ်းတွင် ၁၉ ခုရှိသည်။

(၃) နိုင်ငံတကာဆက်ဆံရေးနှင့် သုတေသနဌာန

(၄) စီမံဌာန (ဝန်ထမ်းရေးရာ၊ နေ့စဉ်ဝေယျာဝိစ္စ၊ ဝန်ထမ်းလစာ၊ ကိုယ်စားလှယ်များ၏ ခံစားခွင့်များနှင့် အခြားဘတ်ဂျက်ဆိုင်ရာ ကိစ္စများကိုင်တွယ်သည်)

**အမျိုးသားလွှတ်တော်ရုံး**ကိုလည်း ညွှန်ကြားရေးမှူးချုပ်တစ်ဦးကဦးဆောင်ပြီး ပြည်သူ့လွှတ်တော် ဖွဲ့စည်းပုံနှင့်ထပ်တူရှိပြီး ဌာန ၄ ခုရှိသည်။

(၁) ဥက္ကဋ္ဌရုံး (ဒုတိယ ဥက္ကဋ္ဌ၏ လုပ်ငန်းများကိုလည်းကြီးကြပ်သည်)

(၂) စည်းဝေးကျင်းပရေးဌာန (ပုံမှန်စည်းဝေးနှင့် ကော်မတီအစည်းအဝေး)။ ပြည်ခိုင်ဖြိုး ဦးဆောင်သည့် အမျိုးသားလွှတ်တော်တွင် ကော်မတီ ၁၈ ခုရှိပြီး အဖွဲ့ချုပ်ဦးဆောင်မှုအောက်တွင် ကော်မတီ ၁၆ ခုရှိ သည်။

(၃) နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာန

(၄) စီမံဌာနတို့ဖြစ်သည်။

**လူ့စွမ်းအားအရင်းအမြစ်အခက်အခဲများ** - ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းအရေအတွက် ထပ်မံ တိုးချဲ့ရန် စီစဉ်နေသည်ဟု ဆိုသော်လည်း လွှတ်တော် ၃ ရပ်၏ ရုံးများတွင် ဝန်ထမ်းအင်အား လျော့နည်းနေဆဲဖြစ်သည်။ အလုပ်ထွက်မှုနှုန်း မြင့်မားမှုကိုလည်း ဖြေရှင်းနေရသည်။ အတော်ဆုံးသို့မဟုတ် လုပ်သက်ရင့် ဝန်ထမ်းများ အလုပ်မြဲသည်မှာ ရှားရှားပါးပါးဖြစ်သည်။ ပြည်တွင်းပြည်ပမှ လာရောက်ပို့ချသော သင်တန်းများကြောင့် အလုပ်ထွက်သည့်နှုန်းမှာ မြင့်တက်လာသည်ဟုယူဆနိုင်သည်။ ဝန်ထမ်းအသစ်များသည် လွှတ်တော်ရေးရာသင်တန်းများမှ ကျွမ်းကျင်မှုများ ရရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုးတက်နေသည့် အလုပ်ဈေးကွက်တွင် ပို၍အပြိုင်အဆိုင်ဖြစ်လာကြသည်။ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများအကြား လွှတ်တော်ကိုယ်စားလှယ်အပြောင်းအလဲများခဲ့ပြီး လာမည့်နှစ်များတွင်လည်း ဆက်လက်ဖြစ်ပေါ်ရန် အလားအလာရှိသည်ဖြစ်သောကြောင့် လုပ်ငန်းအစဉ်အလာမပျက်၊ ဥပဒေပြုလွှတ်တော် အဆက်ဆက် ချောမွေ့စွာဆောင်ရွက်သွားနိုင်ရန်မှာ ကျွမ်းကျင်သည့် အမြဲတမ်းဝန်ထမ်းများမရှိလျှင် အခက်အခဲရှိမည်ဖြစ်သည်။

**ကော်မတီများ** - လွှတ်တော်လုပ်ငန်းများတွင် လွှတ်တော်ရေးရာကော်မတီများသည် အဓိကဖြစ်သည်။ အမြဲတမ်း ကော်မတီများသည် လွှတ်တော်တည်သရွေ့ ရှိနေမည်ဖြစ်ပြီး ၎င်းတို့၏ အခန်းကဏ္ဍကို ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် လွှတ်တော်လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များတွင် ဖော်ပြထားသည်။ ဥက္ကဋ္ဌ ဆန္ဒအရ အမြဲတမ်းမဟုတ်သည့် ကော်မတီများကို ယာယီ ဖွဲ့စည်းနိုင်သည်။ ကော်မတီများသည် ဥပဒေပြုမဏ္ဍိုင်၏ အဓိကလုပ်ငန်း၃ရပ်ထဲမှ လွှတ်တော်ဆိုင်ရာ စိစစ်မှု ပြုလုပ်ရန် အသင့်တော်ဆုံး နေရာဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တိုင်းတွင် အမြဲတမ်းကော်မတီ ၄ ခုရှိသည်။

(၁) ဥပဒေကြမ်းကော်မတီ (ဥပဒေကြမ်းများကို စိစစ်သည်)

(၂) ပြည်သူ့ငွေစာရင်းကော်မတီ (လွှတ်တော်မှ အစိုးရသို့ ချထားပေးသည့် ရန်ပုံငွေစနစ်တကျ သုံးစွဲမှုရှိမရှိ ဆန်းစစ်သည်)

(၃) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (အုပ်ချုပ်ရေး မဏ္ဍိုင်၏ ကတိပြုထားချက်များကို စိစစ်ကာ၊ မည်သည့်အတိုင်းအတာထိ ဆောင်ရွက်ထားပြီးသည်ကို အစီရင်ခံသည်)

(၄) လွှတ်တော်အခွင့်အရေးကော်မတီ (လွှတ်တော်လုပ်ငန်းဆောင်ရွက်ပုံ၊ အခန်းကဏ္ဍ၊ အခွင့်အရေးနှင့် ကိုယ်စားလှယ်များ၏ တာဝန်များကို ကြီးကြပ်သည်။

ဥက္ကဋ္ဌ ၂ ဦးက ၎င်းတို့သက်တမ်းအတွင်း အထူးပြုဆောင်ရွက်လိုသည့် မူဝါဒရေးရာများပေါ် မူတည်ပြီး အခြား ယာယီသို့မဟုတ် အထူးကော်မတီများကို ဖန်တီး၊ ဖျက်သိမ်း၊ ပြန်လည်ပြင်ဆင်၊ အမည်ပြောင်းပေးနိုင်သည်။ ၂၀၁၆ ခုနှစ် ပြည်ခိုင်ဖြိုး လွှတ်တော်သက်တမ်းအပြီး ပြည်ထောင်စုလွှတ်တော်တွင် ကော်မတီ ၄၃ ခုနှင့် ပူးပေါင်းကော်မတီ ၅ ခုရှိသည်။ ၂၀၁၆ ခုနှစ် အဖွဲ့ချုပ်သက်တမ်းတွင် ယာယီကော်မတီ ၃၇ ခုကိုဖွဲ့စည်းခဲ့သည်။

**ကော်မတီစည်းမျဉ်းစည်းကမ်းများ** - လွှတ်တော်လုပ်ထုံးလုပ်နည်းစည်းမျဉ်းများအရ ကော်မတီတစ်ခုတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးထိ အများဆုံး ပါဝင်နိုင်သည်။ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များကို လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည်။ ၂၀၁၇ခုနှစ် အစောပိုင်းတွင် ကျင်းပခဲ့သည့် အဖွဲ့ချုပ်သက်တမ်း စတုတ္ထအကြိမ်မြောက်စည်းဝေးမှစပြီး လေ့လာသူ ၄ ဦးကို ထည့်သွင်းခဲ့သည်။ (တပ်မတော်သားကိုယ်စားလှယ် ၂ ဦး၊ အရပ်သားကိုယ်စားလှယ် ၂ ဦး) ကော်မတီ လုပ်ငန်းများနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌများကိုလုပ်ပိုင်ခွင့် အများအပြားပေးထားသည်။ အစည်းအဝေးများ ကျင်းပမည့် အချိန်ကို ၎င်းတို့က ဆုံးဖြတ်သည်။ ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်း ကော်မတီများ၏ အစည်းအဝေးများသည် သုံးပတ်တစ်ကြိမ်နှုန်း (သို့) ပို၍ ကျင်းပကြပြီး ထင်သာမြင်သာနည်းသည့် ကော်မတီများ၏ အစည်းအဝေးများမှာမူ ရံဖန်ရံခါသာကျင်းပကြသည်။

**ပံ့ပိုးမှုများ** - နိုင်ငံတကာ ပိတ်ဆို့ထားမှုများ ဖယ်ရှားလိုက်သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် လွှတ်တော်ရေးရာ အကူအညီပေးသည့် အစီအစဉ်အများအပြား ဝင်ရောက်လာခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၁၆ နိုင်ငံကျော်မှ ငွေကြေးပံ့ပိုး၊ ပံ့ဖော်ဆောင်ရွက်သည့် လွှတ်တော်ခိုင်မာအားကောင်းလာစေရန်ရည်ရွယ်သည့် ညှိနှိုင်းဆောင်ရွက်ပံ့ပိုးမှုအမျိုးမျိုးတို့ကြောင့် လွှတ်တော်ဝန်ထမ်းများအပါအဝင် ကိုယ်စားလှယ်များ အတွက်ပါ အကျိုးရှိခဲ့သည်။ လုပ်ငန်းထပ်ခြင်းကို ရှောင်ရှားနိုင်ရန်၊ အပြိုင်အဆိုင်ဆောင်ရွက်ကြခြင်းမျိုးမဖြစ်စေရန် နိုင်ငံတကာအလှူရှင်များက ပူးပေါင်းဆောင်ရွက်မှုများ စတင်ဆောင်ရွက်လာကြသည်။ ပြည်ခိုင်ဖြိုးလွှတ်တော်သက်တမ်းတွင် ၂၀၁၅ - ၁၈ သုံးနှစ် မဟာဗျူဟာအစီအစဉ်ကိုရေးဆွဲရန် လွှတ်တော်ရေးရာတိုးတက်ရေး ပူးပေါင်း ညှိနှိုင်းမှု ကော်မတီကို ဖွဲ့စည်းခဲ့သည်။ မဟာဗျူဟာ ရည်မှန်းချက် ၄ ခုကို ချမှတ်နိုင်ခဲ့သည်။

- စုံညီစည်းဝေးများနှင့် ကော်မတီများ၏ လုပ်ငန်းရလဒ်များ ထိရောက်မှုကိုမြှင့်တင်ရန်
- လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရန်
- လွှတ်တော်ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်
- ပြန်ကြားဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ မြှင့်တင်ရန် ဖြစ်သည်။

**အခက်အခဲများ** - အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ရှိနေသည့်တိုင် ပြဿနာအချို့ ရှိနေဆဲဖြစ်သည်။ နိုင်ငံခြားအထောက်အပံ့များသည် လွှတ်တော်အားကောင်းရေးအတွက် အမှန်တကယ် လိုအပ်နေသည်ကို ပံ့ပိုးရမည့်အစား ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံဖြင့်ပံ့ပိုးနေသည်ကို ရံဖန်ရံခါ ကြုံတွေ့ရသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းကြီးများနှင့် နိုင်ငံခြားအစိုးရများ၏ ပံ့ပိုးမှုများသည် ဥပဒေပြုမှုကို ခိုင်မာအားကောင်းစေရန် သီးသန့်ရည်ရွယ်ပံ့ပိုးပေးခြင်းမဟုတ်ဘဲ ပိုမိုကောင်းမွန်သည့်အုပ်ချုပ်မှုပုံစံ၊ ဒီမိုကရေစီကျယ်ပြန့်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်လျက်ပံ့ပိုးမှုများပြုလုပ်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်စာသင်တန်း၊ ပြန်ကြားဆက်သွယ်ခြင်းသင်တန်း၊ ကွန်ပြူတာနှင့် နည်းပညာသင်တန်းများ၊ ရုံးတွင်းစီမံ သို့မဟုတ် မျက်မှောက်နိုင်ငံရေး ကိစ္စရပ်များ သင်ကြားပေးခြင်းမှာ လက်ရှိမြန်မာနိုင်ငံတွင် အရေးတကြီးလိုအပ်နေသည့် အရာဖြစ်သည်။ မိမိရပ်ရွာအကြောင်းနှံ့စပ်သည့် ပြည်တွင်းအဖွဲ့အစည်းများက ပြင်ပထောက်ပံ့မှုကိုယူပြီး ဖော်ပြပါသင်တန်းများပေးနိုင်ပါက အကောင်းဆုံး ဖြစ်သည်။

## အခန်း ၄။ ပြည်ထောင်စုလွှတ်တော်စုဖွဲ့မှု

မြန်မာနိုင်ငံ၏ အတိတ်၊ လက်ရှိနှင့် နောင်လာမည့် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံများကို နှိုင်းယှဉ် ကြည့်ခြင်းဖြင့် မြန်မာ့အသိုင်းအဝိုင်းရှိ အာဏာဖွဲ့စည်းပုံတွင် အခြေခံကျသော (သို့) ထို့ထက်ပိုသောပြောင်းလဲမှုများ ရှိမရှိကို တွေ့မြင်နိုင်သည်။ အပြောင်းအလဲများရှိခြင်း သို့မဟုတ် မရှိခြင်းသည် ဥပဒေပြုကိုယ်စားလှယ်များ လုပ်ငန်းကျွမ်းကျင် စေရန်လေ့ကျင့်ပေးမှုတွင် သက်ရောက်မှုရှိပြီး ပြန်လည် ထွက် ပေါ်လာသော မြန်မာ့ဥပဒေပြုမဏ္ဍိုင်၏ စုစည်းခိုင်မာမှု၊ စွမ်းရည်ထက်မြက်ရန် ဆောင်ရွက်မှုတို့အပေါ်တွင်လည်း သက်ရောက်မှုရှိသည်။

**သမားရိုးကျ ဥပဒေပြုကိုယ်စားလှယ်** - ၂၀၁၀ နှစ်များတွင် မြန်မာ့ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များသည် ကိုလိုနီ ခေတ်လွန် မြန်မာနိုင်ငံ၏ သမားရိုးကျ ခေါင်းဆောင်ပုံရိပ် ဖြစ်သော အမျိုးသား၊ အသက် ၅၀ သို့မဟုတ် ၆၀ အတွင်း၊ ဗမာ၊ ဗုဒ္ဓဘာသာဝင် ပြည်သူ့ဝန်ထမ်း သို့မဟုတ် ပညာရေးပိုင်း သို့မဟုတ် စစ်တပ်တွင် ဝင်ရောက်လုပ်ကိုင်ဖူးသည့် အတွေ့ အကြုံရှိသူ များဖြစ်ကြသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲဝင်ရန် အနည်းဆုံး အသက် ၂၅ နှစ်ရှိရမည် ဖြစ်ပြီး အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဝင်ရန် အသက် ၃၀ ပြည့် ရမည်ဖြစ်သည်။၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အောက်လွှတ်တော်ရွေးကောက်ခံကိုယ်စားလှယ်များ၏ ပျှမ်းမျှ အသက်မှာ ၅၇ နှစ် ဖြစ်ပြီးအထက်လွှတ်တော်တွင် ၅၈နှစ် ဖြစ်သည်။ အဖွဲ့ချုပ်ဦးဆောင်သည့် လွှတ်တော် ၂၀၁၆ ခုနှစ် ပထမအကြိမ်အစည်းအဝေးပွဲတွင် တက်ရောက်ကျသည့် အရပ်သား ကိုယ်စားလှယ်များ၏ ပျှမ်းမျှအသက်မှာ ၅၄.၅ နှစ် ဖြစ်သည်။

**အမျိုးသမီးကိုယ်စားပြုမှု** - လွှတ်တော်တွင်အမျိုးသမီးကိုယ်စား လှယ်မှာ အလွန်နည်းသော်လည်း ပြည်ခိုင်ဖြိုး သက်တမ်းနှင့် လက်ရှိအဖွဲ့ချုပ်သက်တမ်းကြားတွင် ယခင်ကထက် ၂ ဆတိုး လာသည်။ အာရှ လွှတ်တော်များရှိ အမျိုးသမီးကိုယ်စားလှယ် အရေအတွက်နှင့် တန်းတူဖြစ်လာသည်။ ၂၀၁၀ ရွေးကောက် ပွဲများတွင် အမျိုးသမီး ၁၈ ဦးသာ ရွေးချယ်ခံရပြီး ရွေးကောက်ခံ ကိုယ်စားလှယ် ၄၉၂ ဦး၏ ၃.၆ ရာခိုင်နှုန်း သာရှိသည်။ သို့သော် ၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အဖွဲ့ချုပ်၏ ရွေး ကောက်ခံကိုယ်စားလှယ် ၄၁ ဦးအနက် ၁၂ ဦးသည် အမျိုးသမီးများဖြစ်ပြီး အားလုံးအောက်လွှတ်တော်မှ ဖြစ်ကာ အမျိုးသမီးရာခိုင်နှုန်းကို ၆ ရာခိုင်နှုန်းထိ မြင့်တက်စေခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အရေအတွက် တိုးတက်လာခဲ့သည်။ အထက် လွှတ်တော်တွင် ၂၃ ဦးရှိပြီး အောက်လွှတ်တော်တွင် ၄၄ ဦးရှိကာစုစုပေါင်း ၆၇ ဦးရှိလာသည်။ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်၏ ၁၃.၇ ရာခိုင်နှုန်းဖြစ်လာသည်။ ပြည်ခိုင်ဖြိုး သက်တမ်းတွင် ကော်မတီဥက္ကဋ္ဌအဖြစ် အမည်တင်သွင်းခံရသူ အမျိုးသမီး ၃ ဦးသာရှိသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ တစ်ဦးအပါအဝင်ဖြစ်သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် စတင် တာဝန်ယူသည့် အဖွဲ့ချုပ်သက်တမ်းတွင် ကော်မတီဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်သူ အမျိုးသမီး ၂ ဦးသာရှိသည်။

**တိုင်းရင်းသားကိုယ်စားပြုမှု** - အာဏာရှင်ခေတ်လွန် လွှတ်တော်သက်တမ်းနှစ်ခုတွင် တိုင်းရင်းသား ကိုယ်စားပြုမှုမှာ လက်ရှိ လူ့အဖွဲ့အစည်းအခြေအနေနှင့် ကိုက်ညီရန် နီးစပ် လာသည်။ ပြည်ခိုင်ဖြိုး သက်တမ်းတွင် ရွေးကောက်ခံ ကိုယ် စားလှယ် ၆၄ ရာခိုင်နှုန်းမှာ ဗမာ သို့မဟုတ် ဗမာကပြား များဖြစ်သည်။ အလားတူပင် အဖွဲ့ချုပ် သက်တမ်းတွင်လည်း အရပ်သား လွှတ်တော်ကိုယ်စားလှယ် ၆၄ ရာခိုင်နှုန်းမှာ ဗမာ သို့မဟုတ်ဗမာကပြားများဖြစ်သည်။ပြည်ခိုင်ဖြိုးလွှတ်တော်တွင် ရှမ်းအရပ်သားကိုယ်စားလှယ်များသည် ဗမာပြီးနောက် ဒုတိယ အကြီးဆုံး အုပ်စုဖြစ်ပြီး ၎င်းနောက် တွင် ရခိုင်၊ ချင်း၊ ကရင်၊ မွန် အသီးသီးရှိသည်။ အဖွဲ့ချုပ် လွှတ်တော်သက်တမ်းတွင်လည်း ရှမ်းနောက်ခံ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် အရေ အတွက်အားဖြင့် လျော့ကျ သွားသည့်တိုင် ဒုတိယအကြီးဆုံး အုပ်စုဖြစ်သည်။ ယင်း နောက်တွင် ရခိုင်၊ ချင်းနှင့် ဖိုမီး၊ ကရင်၊ မွန် အသီးသီးရှိသည်။ လွှတ်တော်သက်တမ်း နှစ်ရပ်လုံးတွင် လူမျိုးရော ကပြား ကိုယ်စားလှယ် အရေအတွက် အများအပြား ရှိသည်။

**ဘာသာရေး** - နအဖ ခေတ်လွန် လွှတ်တော်နှစ်ရပ်လုံးတွင် ဗုဒ္ဓဘာသာဝင် လွှတ်တော်ကိုယ်စားလှယ်များ လွှမ်းမိုးထား သည်။ အဖွဲ့ချုပ်လက်ထက်တွင် ခရစ်ယာန်ကိုယ်စားလှယ် အရေအတွက်အနည်းငယ်ရှိလာပြီး အစ္စလာမ် ဘာသာဝင် ကိုယ်စားလှယ် ပါဝင်လာခြင်း မရှိသေးပါ။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများအပြီး ကျင်းပသည့် ပြည်သူ့ လွှတ်တော်တွင် အရပ်သားကိုယ်စားလှယ် ၉၁ ရာခိုင်နှုန်း သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် ၈၄ ရာခိုင်နှုန်းရှိသည်။ လွှတ်တော်နှစ်ရပ်တွင် ခရစ်ယာန်ဟု ခံယူထားသည့်ကိုယ်စားလှယ်၅၂ဦး(၁၀.၅)ရာခိုင်နှုန်းရှိသည်။

အစ္စလာမ်ဘာသာဝင်ဖြစ်သည်ဟု ခံယူထားသူ ၃ ဦး သို့မဟုတ် လွှတ်တော်တစ်ခုလုံး၏ ၀.၆ ရာခိုင်နှုန်းရှိသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများသည် ဘာသာရေးအမျိုးအစားစုံလင်မှုကို မြှင့်တင်နိုင်ခြင်း မရှိပါ။ ရွေးကောက်ပွဲမတိုင်မီ မြန်မာဗဟိုအာဏာပိုင်များသည် ရခိုင်ပြည်နယ်တွင် အဓိကနေထိုင်ကြသည့် တစ်သန်းကျော်ရှိသော ရိုဟင်ဂျာများမဲပေးခွင့်ကို ပိတ်ပင်ခဲ့ကြသည်။ အဖွဲ့ချုပ်သည်လည်း မူဆလင်နိုင်ငံရေးသမားများကို အားပေးခြင်းမရှိသဖြင့် လွှတ်တော်အသစ် နှစ်ရပ်တွင် အစ္စလာမ်ဘာသာဝင် တစ်ဦးတစ်ယောက်မှ ရွေးကောက်ခံရခြင်း မရှိပါ။ လွှတ်တော်အတွင်း ဗုဒ္ဓဘာသာဝင် ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက်မှာ ၈၈ ရာခိုင်နှုန်းထိ ရောက်ရှိသွားသည်။ ခရစ်ယာန် ဘာသာဝင် ကိုယ်စားလှယ်များသည် အထက်လွှတ်တော်တွင် ၂၃ နေရာ၊ အောက်လွှတ်တော်တွင် ၃၃ နေရာရရှိကြပြီး လွှတ်တော်၏ ၁၁ ရာခိုင်နှုန်း ခန့်ရှိသည်။ ယင်းအချိုးအစားသည် မြန်မာနိုင်ငံ၏စုစုပေါင်းလူဦးရေတွင်ရှိသည့် ခရစ်ယာန်လူနည်းစု၏ဝေစုထက် အချိုးအစားအနည်းငယ်ပိုနေသည်။ (၂၀၁၄ သန်းခေါင် စာရင်းအရ ၆.၃ ရာခိုင်နှုန်းရှိသည်)

**ပညာရေး** - အာဏာရှင်ခေတ်လွန်လွှတ်တော်သက်တမ်းနှစ်ခုမြောက်တွင် အသစ်ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များ၏ ပညာရေးနောက်ခံသည် သာမန်ပြည်သူများထက် အဆင့်မြင့်ပြီး ထူးခြားသည့် ဥပဒေပြုခေါင်းဆောင်များ ပေါ်ထွက်လာနိုင်မှု (သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှု) ၏ နိမိတ်ပုံရိပ်များ ဖြစ်သည်။၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအပြီး အဖွဲ့ချုပ်၏ကိုယ်စားလှယ်များ ဝင်ရောက်လာချိန်တွင် ပြည်ခိုင်ဖြိုးဦးဆောင်သည့် လွှတ်တော်တွင် ကိုယ်စားလှယ် ၇၆ ရာခိုင်နှုန်းသည် တက္ကသိုလ်မှ ဒီဂရီများ (ဝိဇ္ဇာ သို့မဟုတ် သိပ္ပံနှင့်အထက်) ရရှိထားကြသူများ ဖြစ်သည်။ ပြည်တွင်းဘွဲ့ရ အများစုဖြစ်သည်။ အဖွဲ့ချုပ်ဦးဆောင်သည့် အာဏာရှင်လွန် လွှတ်တော်ဒုတိယ သက်တမ်းတွင် တက္ကသိုလ်ဘွဲ့ရသည့် အချိုးအစား အနည်းငယ်မြင့်တက်လာသည်။ အရပ်သားကိုယ်စားလှယ် ၈၁.၅ ရာခိုင်နှုန်းသည် တက္ကသိုလ်ဘွဲ့ရများဖြစ်သည်။ လွှတ်တော် သက်တမ်းနှစ်ခုအတွင်း အလယ်တန်းပညာရေးသာရှိသည့် ကိုယ်စားလှယ်အရေအတွက် ၈၇ ဦးမှ ၅၀ ဦးသို့ ကျဆင်းသွားသည်။

**သက်မွေးမှုနောက်ခံ** - ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သည့် အရပ်သား ကိုယ်စားလှယ် အများစုမှာ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားစီးပွားဖြစ်ဆောင်ရွက်မှုများတွင် ပါဝင်နေကြသည်။ ပြည်ခိုင်ဖြိုးလွှတ်တော်သက်တမ်းတွင် ၂၉ ရာခိုင်နှုန်း၊ အဖွဲ့ချုပ် လွှတ်တော် သက်တမ်းတွင် ၃၃ ရာခိုင်နှုန်း ဖြစ်သည်။ ပညာရေးကဏ္ဍနောက်ခံရှိသူများသည် ပြည်ခိုင်ဖြိုးလွှတ်တော်တွင် ၁၇ ရာခိုင်နှုန်း၊ အဖွဲ့ချုပ်လွှတ်တော်တွင် ၁၄.၅ ရာခိုင်နှုန်းရှိသည်။ ယင်းနောက်တွင် ပြည်သူ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ နှင့် နိုင်ငံရေးသမားစစ်စစ်ဟု ဆိုရမည့်သူများဖြစ်သည်။ ပါတီ၏ နိုင်ငံရေး - အုပ်ချုပ်ရေး ယန္တယားတွင် ပါဝင်ခဲ့သူများသည် ပြည်ခိုင်ဖြိုးသက်တမ်းတွင် ၁၆.၅ ရာခိုင်နှုန်းပြီး အဖွဲ့ချုပ်သက်တမ်းတွင် ၈.၁ ရာခိုင်နှုန်းသို့ လျော့ကျသွားသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း နိုင်ငံရေးသမား အုပ်စုတွင် ပါသည်။ လွှတ်တော်တွင် တင်ပြသည့် ကိုယ်ရေးအကျဉ်းတွင် သူမ၏အလုပ်အကိုင်နေရာ၌ နိုင်ငံရေးသမားဟု ဖော်ပြထားသည်။ လွှတ်တော် သက်တမ်းနှစ်ခုအတွင်း အကြီးမားဆုံးတိုးတက်လာမှုမှာ ဥပဒေကဏ္ဍဖြစ်သည်။ ပြည်ခိုင်ဖြိုးသက်တမ်းလွှတ်တော်တွင် ဥပဒေနောက်ခံရှိသူ ၂၇ ဦး သို့မဟုတ် ၅.၅ ရာခိုင်နှုန်းသာ ကိုယ်စားလှယ်ဖြစ်ပါဝင်သည်။ အဖွဲ့ချုပ်သက်တမ်းတွင်မူ ဥပဒေဖြင့် အသက်မွေးသူ ၄၄ ဦး သို့မဟုတ် ၉ ရာခိုင်နှုန်းထိပါဝင်လာသည်။ ပြည်ခိုင်ဖြိုးသက်တမ်း၌ အရပ်သား ကိုယ်စားလှယ်များတွင် တပ်မတော်နှင့် ရဲအငြိမ်းစား ၁၂.၄ ရာခိုင်နှုန်းရှိသည်။ အဖွဲ့ချုပ်သက်တမ်းတွင်မူ ၅ ရာခိုင်နှုန်းအောက်သို့ လျော့ကျသွားသည်။ ဆေးဝါးကျွမ်းကျင်၊ တိရိစ္ဆာန်ဆေးကုသူများ အပါအဝင် ဆေးပညာဖြင့် အသက်မွေးသူများသည် ပြည်ခိုင်ဖြိုးသက်တမ်းတွင် လွှတ်တော်၏ ၈ ရာခိုင်နှုန်း အဖွဲ့ချုပ်သက်တမ်းတွင် ၁၂ ရာခိုင်နှုန်းရှိသည်။ ပြည်ခိုင်ဖြိုးလွှတ်တော်သက်တမ်းတွင် စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍနောက်ခံရှိသည့် ကိုယ်စားလှယ် ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၆ တွင် ၁၂ ရာခိုင်နှုန်းထိ တိုးတက်လာသည်။

**မှတ်ချက်** - အရောင်အသွေးစုံလင်သည့် လွှတ်တော်တစ်ရပ်ရှိနေခြင်းအားဖြင့် ပိုမိုငြိမ်းချမ်းပြီး သဟဇာတဖြစ်သော ဥပဒေပြုနိုင်ငံရေးတစ်ရပ် မဖြစ်မနေ ပေါ်ထွက်လာစေမည်ဟု မဆိုနိုင်ပါ။ မြန်မာနိုင်ငံတွင် အမျိုးသား ကိုယ်ပိုင်လက္ခဏာ ပဋိပက္ခများ၊ လူမျိုး၊ ဘာသာရေး ကွဲပြားမှုများ မြင့်တက်လာနိုင်ဖွယ်ရှိသည်။ မည်သို့ပင် ဖြစ်စေကာမူ ပိုမိုသော (သို့)ပို၍ကောင်းမွန်သော ကိုယ်စားပြုမှုသည် ကွဲပြားသည့် လူ့အဖွဲ့အစည်းအတွင်းသို့ လူနည်းစုများကို ပိုမိုပေါင်းစည်းပေးနိုင်ရေးအတွက် အရေးပါလှသော ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အမျိုးသမီး၊ မူဆလင်၊ ဟိန္ဒူ၊ ဆစ်ခ် ကိုယ်စားလှယ်လောင်း

များကို မြန်မာနိုင်ငံ၏ အဓိက နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ် စာရင်းတွင် ထည့်သွင်းခြင်းဖြင့် လာမည့်ရွေးကောက်ပွဲများတွင် အားလုံးပါဝင်ပြီး ပိုမိုအားကောင်းလာရေးအတွက် ပထမဆုံးသော ခြေလှမ်းအဖြစ်ဆောင်ရွက်နိုင်သည်။ တက္ကသိုလ်ဘွဲ့ရဖြစ်ခြင်းကြောင့် ကျွမ်းကျင်မှုရှိသည့် ဥပဒေသမားတစ်ဦး၊ ဥပဒေကြမ်းများကို ပြုစုနိုင်ပြီး ရသုံးမှန်းခြေစာရွက်စာတမ်းများကို စစ်ဆေးနိုင်သည့် ကိုယ်စားလှယ်တစ်ဦးဖြစ်မည်ဟုလည်း မဆိုနိုင်ပါ။ သို့သော် ၂၀၁၅ ရွေးကောက်ပွဲများအတွက်အဖွဲ့ချုပ်၏ကိုယ်စားလှယ်လောင်းသတ်မှတ်ချက်တွင် ပညာရေးအဆင့်အတန်းသည် အဓိကသတ်မှတ်ချက်တစ်ခုဖြစ်သည်။ ပညာအဆင့်အတန်းမြင့်သည့် ကိုယ်စားလှယ်များသည် ဥပဒေပြု လုပ်ငန်းများကို နားလည်နိုင်မည်၊ လျင်မြန်စွာ တတ်မြောက်နိုင်မည်ဟု ယူဆချက်နှင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

## အခန်း ၅။ ကိုယ်စားပြုခြင်း၊ မဲဆန္ဒနယ်အရေးဆောင်ရွက်ခြင်း

ခေတ်မီသောအစိုးရတစ်ရပ်အတွက် အုပ်ချုပ်ခံပြည်သူလူထု၏ ဆန္ဒကို မဆိုင်းမတွ တုံ့ပြန်နိုင်ရန် နည်းလမ်းများစွာထဲမှ ရွေးကောက်ခံလွှတ်တော်သည် နည်းလမ်းတစ်ခုဖြစ်သည်။ လွှတ်တော်တစ်ခုသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ၎င်းတို့မဲဆန္ဒရှင်များမှ တင်ပြသည့် ပြဿနာများနှင့် ပူပန်မှုများကို ကိုင်တွယ်ရန်တာဝန်ရှိသည်။ ၂၀၁၁ ခုနှစ် အာဏာရှင်ခေတ်လွန် လွှတ်တော်ပထမ သက်တမ်းမှစပြီး ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များကြား အယူအဆများ၊ဆောင်ရွက်ချက်များ၊ အပြန်အလှန်ဆောင်ရွက်မှုများတွင် အပြောင်းအလဲကြီးများ ရှိလာခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ပြည်ခိုင်ဖြိုးသက်တမ်းအစပိုင်းနှင့် မတူတော့ပဲ ရွေးကောက်ခံကိုယ်စားလှယ်အများစုမှာ မဲဆန္ဒနယ်များနှင့် ရွေးကောက်ခံကိုယ်စားလှယ်များကြားတွင် ဆက်ဆံရေးတစ်ရပ် ထူထောင်ထားရမည်ကို သတိပြုမိလာသည်ကို အနည်းဆုံး တွေ့ရသည်။ ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များ၏ အသံကို အစိုးရ ကြားသိစေရန်၊ အယူအဆများနှင့် စိုးရိမ်မှုများကို အာဏာလက်ကိုင်ရှိသူများထံ ပေါက်ရောက်စေရန် ပြောပြပေးမည်ဟုလည်း ပြည်သူများက မျှော်လင့်ကြသည်။ ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့ မဲဆန္ဒနယ်တွင် ရင်းမြစ်အသစ်များဖြင့်ပေါ်ကြွယ်လာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ရှိရင်းစွဲ ရင်းမြစ်များလျော့ပါးသွားခြင်းကို ကာကွယ်ရမည်ဖြစ်ပြီး ၎င်းအား ထောက်ခံသူများအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများပံ့ပိုးပေးရမည်ဖြစ်သည်။ ပြန်လည်ရွေးကောက်ခံရန် မျှော်လင့်ထားသည်ဆိုပါက ယင်းကိစ္စကိုဖိဖိစီးစီးဆောင်ရွက်ရမည်ဖြစ်သည်။

**မဲဆန္ဒရှင်နှင့်ဆက်ဆံရေး -** ရွေးကောက်ခံကိုယ်စားလှယ်များသည် ပါတီလမ်းညွှန်ချက်ကိုလိုက်နာလျက် မဲဆန္ဒနယ်များနှင့် တိုက်ရိုက်၊ ပုံမှန် တွေ့ဆုံနိုင်သည့် လမ်းကြောင်းဖွင့်ထားရန်လိုပြီး မဲဆန္ဒရှင်များ၏ နစ်နာချက်များ၊ တောင်းဆိုချက်များကို နားထောင်ရမည်ဖြစ်သည်။ ၎င်းတို့ကို ကိုယ်စားပြုလျက်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း ပြန်လည်တင်ပြရန်လိုသည်။ မဲဆန္ဒရှင်များနှင့် အပြန်အလှန်ဆက်သွယ်မှုပြုလုပ်ရန်အတွက် မိမိကိုယ်စားပြုသည့်ခရိုင်တွင် ရုံးဖွင့်ခြင်းသည် ထိရောက်သည့် နည်းလမ်းဖြစ်သည်။ ၂၀၁၀ နှစ်များတွင် အဓိကနိုင်ငံရေးပါတီကြီး နှစ်ခုဖြစ်သော အဖွဲ့ချုပ်နှင့် ပြည်ခိုင်ဖြိုးပါတီများသည် တစ်နိုင်ငံလုံးရှိ နိုင်ငံရေးအဆင့်တိုင်းတွင် ၎င်းတို့ပါတီကိုယ်စားလှယ်များကို အရင်းအမြစ်၊ ငွေကြေးအင်အားနှင့် ခရိုင်ရုံးခွဲများဖွင့်လှစ်ကာ ပံ့ပိုးနိုင်စွမ်းရှိသော ၂ ခုတည်းသော နိုင်ငံရေးအင်အားစု ဖြစ်သည်။ အထူးသဖြင့် အဖွဲ့ချုပ်သည် ၎င်း၏ နိုင်ငံအဆင့်၊ ဒေသအဆင့် ကိုယ်စားလှယ်များကို ၎င်းတို့ကိုယ်ပိုင် ရုံးများ ဖွင့်လှစ်မည့်အစား ရုံးခွဲများတွင် သွားရောက်ကွင်းဆင်းရန် ညွှန်ကြားထားသည်။ အဖွဲ့ချုပ်သက်တမ်း လွှတ်တော်ကိုယ်စားလှယ်အများစုမှာ ၎င်းတို့ ဖုန်းနံပါတ်၊ Viber နှင့် Facebook များကို အများပြည်သူသိစေရန် ဖွင့်ပြထားသည်ဖြစ်သောကြောင့် ၎င်းတို့မဲဆန္ဒရှင်များက အမျိုးမျိုးသော အကူအညီ၊ ဝန်ဆောင်မှုများ ရယူနိုင်ရန်အတွက် ဆက်သွယ်မှုမှာတိုးတက်လာသည်။ (အလွန်အကျွံဟုဆိုရမည့်အခြေအနေဟုပင်ဆိုနိုင်သည်)

**မဲဆန္ဒရှင်များကို ကိုယ်စားပြုခြင်း** - ကိုယ်စားပြု လွှတ်တော်တစ်ခုသည် နိုင်ငံသားများနှင့် မဲဆန္ဒရှင်လူထု အသံအား တင်ပြပေးရန်အကောင်းဆုံး အဖွဲ့အစည်းတစ်ခုဖြစ်နေသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ အစိတ်အပိုင်းများအနက် အဆင့်မြင့် အစိုးရပိုင်းသို့တင်ပြလိုသူ အများဆုံးမှာ တိုင်းရင်းသား လူမျိုးစု၊ ဗမာ မဟုတ်သည့် လူနည်းစုများဖြစ်သည်။၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲမဲဆွယ်မှုများသည် လူများစုဖြစ်သော ဗမာ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးအရ လွှမ်းမိုးမှုကြောင့် ခံစားရသည့် ခွဲခြားမှုများကို လျော့ချလျက်၊ တိုင်းရင်းသား အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် ရုန်းကန်ရမှုများကို ဖော်ပြနိုင်ရန် အခွင့်အလမ်းတစ်ခုအဖြစ်နှင့် ရှုမြင်ခဲ့ကြသည်။ မဲဆန္ဒရှင်လူထုမှ ကိုယ်စားလှယ်များကို ထုတ်ဖော် ပြောပြပေးရန် တိုင်

ကြားလာသည့်ကိစ္စများမှာ မြေယာသိမ်းဆည်း ခြင်းနှင့် ဒေသခံ အာဏာပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ အနိုင်ကျင့်မှုများ ကဲ့သို့သော ကိစ္စများဖြစ်သည်။

**မဲဆန္ဒရှင်များအကျိုးဆောင်ရွက်ခြင်း** - ပြည်သူတစ်ဦးချင်းစီက သော်လည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌများကသော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များကို အထူးသဖြင့် ပြည်ထောင်စု အဆင့်ကိုယ်စားလှယ်များကို ဝန်ဆောင်မှုများဖြည့်ဆည်းပေး သူအဖြစ် ရှုမြင်မှုမှာတစတစ မြင့်တက်လာသည်။ ၂၀၁၃ - ၁၄ ဘဏ္ဍာရေးနှစ်တွင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို စတင်ခဲ့ပြီး တံတားများ၊ အသေးစားရေထုတ်လုပ်ရေးစက်ရုံများ၊ ဆိုလာ ပြားများ၊ ကျောင်းအဆောက်အအုံများပြန်လည်ပြင်ဆင်ခြင်း အစရှိသော ပြည်သူ့ရေးရာကိစ္စရပ်များတွင် အသုံးပြုရန် အတွက် နှစ်စဉ် ကျပ်ငွေ သန်း ၁၀၀ ကို မြို့နယ် ၃၃၀ ကို ချပေးခဲ့သည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များအတွက် ၎င်းသည်အရေးပါသည့် ကိစ္စဖြစ်ပြီး ယင်းအခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရန် ဆန္ဒရှိကြသည်။ ၎င်းတို့ မဲဆန္ဒနယ် တွင် နှစ်စဉ်ဆောင်ရွက်နေသည့် ပြည်သူ့လုပ်ငန်းများ၊ အသေးစား ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ပတ်သက်ပြီး ဂုဏ်ယူ ပြောဆိုသူ အများအပြားရှိသည်။ အလွဲသုံးစားမှု၊ အကျင့်ပျက် လာဘ်စားမှုများ ပေါ်ပေါက်ရန် အလားအလာများရှိနေ သည့်တိုင် ဆက်လက် ဆောင်ရွက်သွားရန် ၂၀၁၆ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ကို စိုးမိုးထားပြီးနောက်ပိုင်း အဖွဲ့ချုပ် က ဆုံးဖြတ်ခဲ့သည်။ရွေးကောက်ခံကိုယ်စားလှယ်များသည် ၎င်းတို့၏မဲဆန္ဒနယ်များသို့ ထင်သာမြင်သာသည့် အကျိုး ပြုမှုများ (သို့) အချို့သောအကျိုးပြုမှုများ ဆောင်ရွက်ပေးနိုင်ရန် တိုက်ရိုက်အားပေးသည့်မူဝါဒအဖြစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို ယူဆကြသည်။ ပိုမိုကောင်းမွန်သည့် စည်းမျဉ်းစည်းကမ်းများ၊ စောင့်ကြည့် ထိန်းကျောင်းရေး လုပ်ငန်းစဉ်များနှင့် ဆောင်ရွက် ရန်လိုသည်။

**မှတ်ချက်** - ပြီးခဲ့သည့် ပြည်ခိုင်ဖြိုးလွှတ်တော်သက်တမ်းနှင့် ယှဉ်လျှင် အဖွဲ့ချုပ်လွှတ်တော်မှ ရွေးကောက်ခံ ကိုယ်စားလှယ် များသည် ၎င်းတို့၏ ကိုယ်စားပြုမှုလုပ်ငန်းများတွင် အားထည့် ဆောင်ရွက်လာသည်ကို တွေ့မြင်ရသည်။ မဲဆန္ဒရှင်များ၏ အသံကို အဆင့်မြင့်အစိုးရပိုင်းသိရှိစေရန်ဆောင်ရွက်ခြင်း၊ စိုးရိမ်မှုများကို အာဏာရှိသူများနားပေါက်ရေးကို ဆောင်ရွက် ပေးရန် မျှော်လင့်ထားခြင်းခံရသည်။ တချိန်တည်းမှာပင် မဲဆန္ဒနယ်မှ ပြည်သူများကို ဝန်ဆောင်မှုအမျိုးမျိုးပေးရန် လည်း ဆောင်ရွက်ရပြီး အကူအညီတောင်းဆိုသည့်ပြည်သူများ သို့မဟုတ် တိုင်ကြားရန်လာသည့် ပြည်သူများနှင့် ဆက်ဆံရန် အချိန်အများအပြားစုကို အသုံးပြုကြသည်။ အဖွဲ့ချုပ်ဦးဆောင်သည့် လွှတ်တော်ကို မကျေနပ်ချက်များ တိုင်ကြားနိုင်သည့်နေရာ၊ လွှတ်တော်ကိုယ်စားလှယ်သည်တိုင်ကြားလိုမှုများရှိပါကဆက် သွယ်ရမည့် ကြားဝင်စေ့စပ်သူများ အဖြစ်မှတ်ယူမှုများ တစ တစ တိုးတက်လာသည်။

## အခန်း ၆။ ဥပဒေပြုခြင်း

လွှတ်တော်တစ်ခုသည် ဥပဒေပြုသည်။ ဥပဒေသစ်များရေး ဆွဲသည်။ ပြုပြင်သည်။ ဥပဒေဟောင်းများကို ဖော်ထုတ်ပြီး ပြင်ဆင်သည်။ ရုပ်သိမ်းသည်။ အသစ်ပြုပြင်ရေးဆွဲသည်။ ဥပဒေပြုခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတစ်ခုဖြစ် သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံအတွက် အသစ်အဆန်းဖြစ်သော ဖက်စပ်သမ္မတစနစ်တစ်ခုကို ပေါ် ပေါက်စေခဲ့သည်။ ဥပဒေပြုသည့်နေရာတွင် အုပ်ချုပ်ရေး မဏ္ဍိုင် အထူးသဖြင့် ပြည်ထောင်စုသမ္မတကို လုပ်ပိုင်ခွင့် အများဆုံး ပေးထားသည်။ သို့သော်လည်း ဥပဒေကြမ်းဆွေးနွေး ခြင်း၊ စိစစ်ခြင်းများတွင် ပြည်ထောင်စုလွှတ်တော်၏ အခန်း ကဏ္ဍကို မေ့ထား၍မရပါ။

**ပြည်ခိုင်ဖြိုးသက်တမ်း အခင်းအကျင်း (၂၀၁၁ - ၂၀၁၆)** - ပြည်ခိုင်ဖြိုးဦးစီးသည့် လွှတ်တော် သက်တမ်း ၅ နှစ်အတွင်း ဥပဒေရေးဆွဲမှုကို လေ့လာကြည့်ပါက အချက် ၃ ချက်ကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်သည်။

(၁)အုပ်ချုပ်ရေးမဏ္ဍိုင်သည် ဥပဒေပြုရေး အစီအစဉ်ကို ရေးဆွဲ သည်။ ချုပ်ကိုင်ထားသည်။ မူဝါဒ ရေးဆွဲမှုတစ်ခု အစပြုရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များတွင် အခွင့်အရေး အနည်းငယ်သာရှိသည်။

(၂) အုပ်ချုပ်ရေးမဏ္ဍိုင်၏ တွန်းအားကြောင့် လွှတ်တော်၏ အခြားသော တာဝန်များနှင့် အခန်းကဏ္ဍများ မှေးမှိန်သွားသည် အထိ လွှတ်တော်သည် ဥပဒေပြုရေးလုပ်ဆောင်ချက်များကို အလွန်အကျွံအာရုံစိုက်ခဲ့သည်။

(၃) ကိုယ်စားလှယ်အများစုမှာ အလုပ်တွင်လျင်လျင်မြန်မြန် တိုးတက်လာကြသည့်တိုင် ဥပဒေကြမ်းပြုစုသည့် လုပ်ငန်းစဉ် သည် ထိရောက်ကျွမ်းကျင်မှုမရှိဘဲ အပေါ်ယံမျှသာဖြစ်သည်။ ၁၉၅၀ ခုနှစ် နောက်ပိုင်းမှစပြီး ပျောက်ကွယ်သွားသည့် အဖွဲ့ အစည်းဆိုင်ရာမှတ်ဉာဏ်နှင့် အစုအဖွဲ့လိုက် ဆောင်ရွက်နိုင် စွမ်းများ ကင်းမဲ့သွားမှုကြောင့် ယင်းကိစ္စများဖြစ်လာနိုင်သည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည်။

အကောင်းဘက်မှကြည့်လျှင် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေ ၄၀၀ ကျော်အနက်မှ မပြည့်မစုံရေးသား ထားသည့်၊ ခေတ်မမီတော့သည့်၊ ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ဖော်ထုတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပြင်ဆင်ကာ ပြန်လည် ရေးဆွဲရန် အားထုတ်ခြင်းများသည် အာဏာရှင်ခေတ်လွန် လွှတ်တော်ပထမသက်တမ်း ကိုယ်စားလှယ်များ၏ နိုင်ငံရေး အရ ပါဝင်မှုအားကောင်းသည့် လက္ခဏာဖြစ်သည်။အာဏာရှင်ထောက်တိုင်များကို ဖြိုဖျက်ရန် လက်တွေ့ မဟုတ်သည့်တိုင် စဉ်းစား ရန် ဆန္ဒရှိလာသည်ကို ပြသနေသည့် ဖြစ်ရပ်များဖြစ်သည်။ (ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်အများစုမှာ အာဏာရှင်ခေတ် လက်ကျန်များဖြစ်သည်။) အာဏာရှင်ခေတ်လွန် လွှတ်တော်၏ ပထမသက်တမ်းသည် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ နေရာအဖြစ် အောင်မြင်စွာနေရာယူနိုင်ခဲ့ပြီး ကလေးသူငယ်စောင့်ရှောက်ရေး၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြုပ်နှံမှု၊ စိုက်ပျိုးရေးထုတ်ကုန်များရောင်းဝယ်ခြင်း၊ ဝင်ငွေခွန်များ၊ ရွေးကောက်ပွဲ စည်းမျဉ်းများနှင့် အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေးအပါဝင် မြန်မာ့အုပ်ချုပ်မှုပိုင်း၊ လူမှုစီးပွားပိုင်းတွင် အပြောင်းအလဲ တချို့ကို ဖြစ်ပေါ်စေခဲ့သည်။ ပြည်ခိုင်ဖြိုးစိုးမိုးသည့်သက်တမ်း ၂၀၁၁ မှ ၂၀၁၆ ကြားတွင် ဥပဒေပေါင်း ၂၃၂ ခု အတည်ပြုခဲ့သည်။
( တစ်နှစ်လျှင် ၄၆ ခုနှုန်းဖြစ်သည်။)

**အဖွဲ့ချုပ်သက်တမ်း အခင်းအကျင်း -** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စိုးမိုးထားသည့် လွှတ်တော်အား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံး အကြိမ်အဖြစ် စတင်သည့်အခါတွင် မျှော်လင့်ချက်များ မြင့်မြင့်မားမား ထားရှိကြသည်။ သို့သော် အဖွဲ့ချုပ်၏ လွှတ်တော်သက်တမ်း အစပိုင်းအစည်းအဝေးများတွင် ဥပဒေပြုရေး၌ တက်ကြွမှုအားနည်းသည်။ မပြည့်မစုံပြုစုထားသည့် ဥပဒေအမျိုးမျိုး အတည်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့သည် ဖြစ်သောကြောင့် ဝေဖန်မှုအကြီးအကျယ်ခံနေရသည့် ပထမလွှတ်တော်သက်တမ်း၏ အတွေ့အကြုံများကြောင့် အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းသည် ဆင်ဆင်ခြင်ခြင်စဉ်းစားဆောင်ရွက်ရန်ဖြစ်လာသည်။ ၂၀၁၆ ခုနှစ်မှစပြီး အဖွဲ့ချုပ်သည် ၎င်း၏ ကိုယ်စားလှယ်များအပေါ် စည်းကမ်းတင်းကျပ်မှုများပြုလုပ်ခဲ့သည်။ အာဏာရှင်ခေတ်လွန် လွှတ်တော် ဒုတိယသက်တမ်းတွင် အဖွဲ့ချုပ်၏ အတွင်းစည်း စိစစ်ရေးမူဝါဒသည်လည်း ယခင်ကထက် အားကောင်းလာခဲ့သည်။ အဖွဲ့ချုပ် လွှတ်တော်သက်တမ်း တစ်နှစ်အတွင်း အတည်ပြုခဲ့သည့် ဥပဒေ ၂၄ ခုသာရှိသည်။ (၂၀၁၆ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၇ခုနှစ် မတ်လ)

**မှတ်ချက်** - အဖွဲ့ချုပ်လွှတ်တော်ရင်ဆိုင်ရမည့် အခက်အခဲ နှစ်ခုရှိသည်။ ပထမတစ်ခုမှာ လွှတ်တော်အသစ်သည် ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံတွင် အခြေခံကျသည့်လွတ်လပ်ခွင့်ကို ထိန်းချုပ်ရန်၊ အတိုက်အခံများကို နှိမ်နင်းရာတွင် အသုံးပြုခဲ့သည့် ဥပဒေလက်တံများကို ချိုးဖျက်ရန် ဥပဒေကောင်းများ အတည်ပြု၍ မကောင်းသော ဥပဒေများကို ပယ်ဖျက်ပြီး ပြည်ခိုင်ဖြိုး အစပြုခဲ့သည့် ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ရှိမရှိဆိုသည့် ကိစ္စဖြစ်သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ မြန်မာနိုင်ငံတွင်တည်ဆဲဥပဒေ ၄၁၈ ခုရှိပြီး ၅ ပုံ ၁ ပုံမှာ ခေတ်မမီ၊ မပြည့်မစုံ သို့မဟုတ် ပြည်သူများကို ဖိနှိပ်ရန် သီးသန့်ရေးဆွဲထားသည့် ဥပဒေများဖြစ်သည်။ ဒုတိယအခက်အခဲအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြောင်းလဲမှု ရေရှည်အောင်မြင်မှုအတွက်လည်း အရေးကြီးသည့် မေးခွန်းဖြစ်သော အရည်အသွေးအဆင့်မီသည့် ဥပဒေသစ်များ အထူးသဖြင့် ဥပဒေကောင်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်လား ဆိုသည့်ကိစ္စဖြစ်သည်။ ရှင်းလင်းပြတ်သားစွာ ရေးသားထားပြီး သက်ရောက်မှုအားကောင်း သကဲ့သို့ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီသော စနစ်တကျပြုစုထားသည့် ဥပဒေတစ်ခုကို အတည်ပြုရန်မှာ ဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်သည်။ ယင်းအတည်ပြုလိုက်သည့် ဥပဒေသစ်များကို စနစ်တကျ၊ မှန်မှန်ကန်ကန် အသက်သွင်းနိုင်ရန် နည်းဥပဒေများ ပြုစုထားရန်လည်း လိုသည်။လွတ်လပ် ထက်မြက်ကာ လုပ်ငန်းတာဝန်များကို အတိအကျဆောင်ရွက်သည့် တရားရေးစနစ်တစ်ခုဖြစ်ရန် ဆယ်စုနှစ်ပေါင်းများစွာစောင့်ရဦးမည့် မြန်မာ့တရားရေးစနစ်၊ လာဘ်ပေးလာဘ်ယူ၊ ခင်ရာခင်ကြောင်းပေါ်လိုက်ပြီး ဆောင်ရွက်နေသည့် ဗျူရိုကရေစီ ယန္တယား၊ မိမိကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်နေသည့် လုံခြုံရေးကဏ္ဍသည်လည်း လွှတ်တော်က ချမှတ်လိုက်သည့် ဥပဒေအသစ်များကို လိုက်နာရန်ဆန္ဒမရှိ သို့မဟုတ် ၎င်းတို့ပေါ် သက်ရောက်မှုမရှိသည့် ဖြစ်ရပ်များလည်း ပေါ်ပေါက်လာနိုင်သည်။

## အခန်း ၇။ စောင့်ကြည့်ထိန်းကျောင်းခြင်း

အထက်အောက် အာဏာရှင်စနစ်နှင့် နှစ်ပေါင်းများစွာ အုပ်ချုပ်ခံပြီးမှ ဒီမိုကရေစီစနစ်သို့ပြောင်းလဲတွင် ကြုံတွေ့ရသည့် အခက်အခဲကို မြန်မာနိုင်ငံသည်လည်း ကြုံတွေ့နေရသည်။ တာဝန်ခံမှု သို့မဟုတ် စောင့်ကြည့်ထိန်းကျောင်းမှုမရှိဘဲ အာဏာရယူကာ မူဝါဒ ချမှတ်သည့်နေရာတွင် နှစ်ပေါင်းများစွာနေရာယူထားသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို

မည်သို့ စစ်ဆေးမည်၊ တာဝန်ခံမှုကို မည်သည့်နည်းဖြင့် ဖော်ဆောင်မည်ဆိုသည်မှာ အခက်အခဲတစ်ခုဖြစ်သည်။

**ကြီးကြပ်ခြင်းအစားစိစစ်ခြင်း** - ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စု လွှတ်တော်မှ လွှတ်တော်ဆိုင်ရာ စောင့်ကြည့်ထိန်းကျောင်းမှု အပေါ်တွင် အားစိုက်မှု နည်းသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တကိုယ်တော်အားထုတ်မှုပေါ်တွင် မှီခိုလွန်းသည်။ ပြည်ခိုင်ဖြိုးလွှတ်တော်သက်တမ်းတွင် အစိုးရဌာနများကို စေ့စပ်စွာ စိစစ်လုပ်ရန်၊ ကြီးကြပ်ဆောင်ရွက်ရန်ထက် မတူညီသည့် နိုင်ငံရေးရည်မှန်းချက်များနှင့် အပြိုင်အဆိုင်သဘောထားလျက် ပြည်ထောင်စုသမ္မတရာထူးကို အတိုက်အခံလုပ်ရန် အစိုးရဌာနများ၏ ဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက်များကို စိစစ် ရွေးချယ်ခြင်းနှင့် စာရင်းစစ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ လွှတ်တော်ရေးရာကော်မတီများနှင့် ကိုယ်စားလှယ်များ၊ အနိုင်ရပါတီများက အုပ်ချုပ်ရေးပိုင်းကို စောင့်ကြည့်မှုအချို့ ပြုလုပ်ခဲ့သည်။ နနယ်ဆဲဖြစ်သည့် စောင့်ကြည့်ရေး လုပ်ငန်းများကို ၂၀၁၂ နောက်ပိုင်းတွင် ပြည်တွင်းပြည်ပ ပံ့ပိုးမှုအစီအစဉ်များနှင့် တဖြည်းဖြည်းစုစည်း အကောင်အထည်ဖော်လာနိုင်ခဲ့သည်။ သက်ဆိုင်ရာ အာဏာပိုင်များကို မေးခွန်းမေးမြန်းခြင်း၊ (ကြားဖြတ်မေးခွန်းများ) ကော်မတီများက ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးခြင်းများနှင့် ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ အဆိုများ တင်သွင်း မေးခွန်းထုတ်ခြင်းသည် စိစစ်ခြင်း လုပ်ငန်းအတွက် အဖိုးတန်သည့် ဆောင်ရွက်ချက်များဖြစ်သည်။တစ်ဦးချင်း ကြားဝင်ဆောင်ရွက်မှုများ သို့မဟုတ် ကော်မတီ၏ ဆောင်ရွက်ချက်များသည် ရံဖန်ရံခါတွင် အစီအစဉ်မကျခြင်း၊ ပြည့်စုံမှုမရှိခြင်း၊ ကိုယ်ကျိုးအခြေခံခြင်း၊ အသေးအဖွဲကိစ္စများဖြစ်ခြင်း သို့မဟုတ် အခြေအမြစ် မရှိသည့် စွပ်စွဲမှုများပေါ် အခြေခံခြင်းများနှင့် ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသည်။

**ရသုံးမှန်းခြေထိန်းချုပ်ခြင်း** - နိုင်ငံတော် ရသုံးမှန်းခြေဘဏ္ဍာငွေအတည်ပြုခြင်း၊ ပြည်သူ့အသုံးစရိတ်များ စိစစ်ခြင်းသည် လွှတ်တော်တစ်ခု၏ အဓိကလုပ်ငန်းများဖြစ်သည်။ ပြီးခဲ့သည့်ဘဏ္ဍာရေး နှစ်တစ်နှစ်အတွင်း ပြည်ထောင်စု ရသုံးမှန်းခြေလုပ်ငန်းစဉ်များကို မည်မျှထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည်၊ ပြည်သူ့ဘဏ္ဍာများ မည်သို့အသုံးပြုသည်ကို ပြန်လည်သုံးသပ်ခြင်းများအား ပြည်ထောင်စုလွှတ်တော်မှ အဓိက တာဝန်ယူဆောင်ရွက်သည်။ စာရင်းစစ်ချုပ်ရုံး အကူအညီဖြင့် လွှတ်တော်မှနှစ်ပတ်လည် စာရင်းစစ်ခြင်းကို ဆောင်ရွက်သည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရှိ ပြည်သူ့ငွေစာရင်းကော်မတီများနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများသည် လွှတ်တော်ဆိုင်ရာစိစစ်ရေး လုပ်ငန်းစဉ်ကို ဦးဆောင်သည်။ တင်ပြလာသည့် အသုံးစရိတ်ကို ပြည်သူ့ငွေစာရင်းကော်မတီက ဖြတ်တောက်ပြီး ပြည်ထောင်စု လွှတ်တော်က အတည်ပြုခြင်းမှာ တစတစတွင်ကျယ်လာသည်။ အထူးသဖြင့်နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ဝန်ကြီးဌာနများ၏ နောက်တိုးရသုံးငွေလျှောက်ထားမှု ဆွေးနွေးသည့်အခါတွင်ဖြစ်သည်။ ယာယီကော်မတီအများစုမှာ ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခု သို့မဟုတ် တစ်ခုအထက်၏ နှစ်ပတ်လည် ရသုံးမှန်းခြေစရိတ်များကို စစ်ဆေးသုံးသပ်ရသည်။ ပွင့်လင်းမြင်သာမှုရှိလာအောင် ဆောင်ရွက်ရာတွင် အခက်အခဲရှိသည့်တိုင် လွှတ်တော်နှင့် ဝန်ကြီးဌာန ဝန်ထမ်းများကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာသည်။ နိုင်ငံတကာ အလှူရှင်များက ရသုံးမှန်းခြေဆိုင်ရာ ကိစ္စများ အဓိကထားသည့် သင်တန်းအများအပြား ပေးနေသည့်တိုင် နအဖ အလွန် လွှတ်တော်သက်တမ်း နှစ်ခုလုံးရှိ လွှတ်တော်ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ၏ လုပ်ငန်းကျွမ်းကျင်မှု အားနည်းနေသည်ဖြစ်ရာ လာမည့်လွှတ်တော်များတွင်လည်း ထိရောက်မှု အားနည်းပြီး တစိတ်တပိုင်းသာ စောင့်ကြည့် ထိန်းကျောင်းနိုင်သည့် ပုံစံဆက်လက် ဖြစ်ပေါ်ရန် အလားအလာရှိပြီး စေ့စပ်စွာ စိစစ်ခြင်းထက် (thorough scrutiny) စိစစ်မှု အဆင့်ဆင့် လုပ်ငန်းစဉ် (vetting process) ပုံစံဖြင့် ဆက်လက် ရှေ့ဆက်နေရဦးမည်ဖြစ်သည်။

**မှတ်ချက်** - လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့် တာဝန်သည်ကြီးမားသည်။ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် အများစုမှာ လွှတ်တော်ဆိုင်ရာကိစ္စများတွင် အတွေ့အကြုံ မရှိကြသူများဖြစ်သည်။ တသီးပုဂ္ဂလများကြားနှင့် အခြားတဖက်တွင် အာဏာရှိဝန်ကြီးများ၊ ပါတီ ခေါင်းဆောင်များ၊ ဝါရင့်ဗျူရိုကရက်များ နှင့်စစ်သားများကြားမှအာဏာဆင်းသက်ပုံများမှာ တဖက်စောင်းနင်း ဖြစ်နေဆဲဖြစ်သည်။ ထို့ပြင် ကိုယ်စားလှယ်များအနေဖြင့် အခြားအစိုးရဌာနများဆောင်ရွက်ခဲ့သည် လုပ်ငန်းများ၊ ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်လုပ်ငန်းများကို စောင့်ကြည့်လိုသည်ဆိုသော်လည်း အများစုမှာ မိမိကိုယ်တိုင်လည်း စစ်ဆေးခံပြီး၊ ထိန်းညှိမှု ခံရမည်ကို အားတက်သရောမရှိပါ။ လွှတ်တော်အနေနှင့်လည်း မိမိအစုအဖွဲ့နှင့် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုများကို ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းမှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။ စောင့်ကြည့်ထိန်းကျောင်းမှု၏ အဓိက လုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်ခြင်း၊ ရသုံးမှန်းခြေ စိစစ်

ခြင်းတို့သည် မြန်မာ့လွှတ်တော်အသစ် ရှင်သန်ခိုင်မာရေး အတွက် လိုအပ်သည်။ သို့သော်လည်း လွှတ်တော်အပြင် အားကောင်းပြီး၊ အဓိပ္ပာယ်ပြည့်ဝသည့် စိစစ်မှုများကို ဆောင်ရွက်လိုသည့် နိုင်ငံရေးဆန္ဒတစ်ခုကိုလည်း မျှော်လင့်သည်။ လက်ရှိအာဏာရှင်ခေတ်လွန်တွင် မြန်မာနိုင်ငံရှိ အာဏာရအဖွဲ့အစည်းများက ကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့်၊ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်မည့်အလွဲများ၊ မသင့်တော်မှုများ၊ ကြိုးကိုင်မှုများနှင့် တလွဲအသုံးချမှုများ အတွက် နိုင်ငံရေးအရ ခွဲဝေတာဝန်ယူရန် ဆန္ဒအနည်းငယ်သာရှိသည်ဟု ယူဆနိုင်သည်။ ဖြစ်နိုင်ခြေများမှာ ပြည်ထောင်စုလွှတ်တော်သည် ၎င်း၏ စိစစ်ရွေးချယ်ခြင်း၊ အသေးစိတ်ဆန်းစစ်ခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှုလည်း တစတစတိုးတက်လာမည်ဖြစ်သည်။ သို့သော် နောင်လာမည့် လွှတ်တော်များသည်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အားကောင်းခိုင်မာသည့်၊ စနစ်တကျစောင့်ကြည့်ထိန်းကျောင်းမှုဖြစ်ပေါ်ရန်အတွက် ဆန္ဒမရှိခြင်းသို့မဟုတ် စွမ်းရည်မရှိခြင်းတို့ ကြုံတွေ့လာနိုင်သည်။

## အခန်း ၈။ ရှေ့လုပ်ငန်းစဉ်

အာဏာရှင်ခေတ်လွန်မြန်မာနိုင်ငံတွင် ပြည်ထောင်စု လွှတ်တော်သည် အရေးပါသည့်နိုင်ငံရေး အစုအဖွဲ့တစ်ခုအနေနှင့် သံသယကင်းစွာ ပေါ်ထွက်လာခဲ့သည်။ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ် တို့တွင် ကျင်းပခဲ့သည်။ ရလဒ်များကို ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ မဟုတ်ဘဲ လက်နက်ကိုင်တပ်ဖွဲ့နှင့် အစိုးရက လက်ခံခဲ့ကြသည်။ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် လုပ်ငန်းကျွမ်းကျင်သည့် ဥပဒေပြုကိုယ်စားလှယ်များ ကာလရှည်ကြာ ပျောက်ဆုံးသွားပြီးနောက်တွင် ဥပဒေပြုမဏ္ဍိုင် အသစ်ထွက်ပေါ်လာခဲ့သည်။ လွန်ခဲ့သောနှစ်များအတွင်း လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏တာဝန်များကို ပိုမိုသိရှိလာပြီး အဓိကတာဝန်သုံးရပ်ဖြစ်သော ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် ကိုယ်စားပြုခြင်းများကို ယခင်ကထက်ပို၍ အလေးထား ဆောင်ရွက်လာကြသည်ကို မေးမြန်းချက်များတွင် မြင်တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ခိုင်ဖြိုး ဦးဆောင်မှုအောက်တွင်လည်းကောင်း၊ အဖွဲ့ချုပ် ဦးဆောင်မှု အောက်တွင်လည်းကောင်း စစ်အုပ်ချုပ်ရေးကာလတွင် စဉ်းစားရန် မရဲသည့် ဥပဒေပြုကိစ္စရပ်များကိုဆောင်ရွက်ခဲ့သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၏ လှုပ်ရှားမှုများကို စိစစ်မှုများစတင်ပြုလုပ်လာခဲ့ပြီး အစိုးရဗျူရိုကရက်များ တင်သွင်းလာသည့် ဥပဒေကြမ်းများကို ပယ်ချမှုများပြုလုပ်လာသည်။ လွှတ်တော်တွင်း မေးခွန်းများဖြေဆိုရန် ပြည်ထောင်စု ဝန်ကြီးများကို ဖိတ်ခေါ်ခဲ့သည်။ စစ်တပ်ထိန်းချုပ်ထားသည့် ပြည်ထောင်စု ဝန်ကြီးဌာနများတင်ပြလာသည့် ဘတ်ဂျက်တိုးမြင့်တောင်းခံမှုများကို တခါတရံတွင် ဖြတ်တောက်လျှော့ချမှုများလည်းပြုလုပ်ခဲ့သည်။ လွှတ်တော် နှစ်ရပ်လုံးသည် မီဒီယာ အများအပြား စိတ်ဝင်စားလာရန် ဆွဲဆောင်နိုင်ခဲ့သည်။ တက်ကြွသည့် ပြည်တွင်းအရပ်ဖက် လူ့အဖွဲ့အစည်းများ၏ တိုက်တွန်းမှု အများအပြားကိုလည်း လက်ခံရရှိခဲ့သည်။

သို့သော်ဖော်ပြခဲ့ပါ အားရဖွယ်တိုးတက်မှုများကြောင့် အာဏာရှင်ခေတ်လွန်ဥပဒေပြုမဏ္ဍိုင်ခိုင်မာ တိုးတက်ရေး၊ လုပ်ငန်းကျွမ်းကျင်ရေး ဆောင်ရွက်နေမှုများသည် ရှေ့လျှောက် တည်ငြိမ်မည်၊ အောင်မြင် မည်ဟု ကံသေကံမ မပြောနိုင်ပါ။ မြန်မာနိုင်ငံ၏ ဥပဒေပြုမဏ္ဍိုင်အသစ်သည် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ရောက်နေသည်ဟု အပြောင်းအလဲများကို အဓိက ဖော်ညွှန်းသည့်ကိစ္စများကို ကြည့်ပြီး ဆိုနိုင်သော်လည်း လွှတ်တော်ပြန်လည် ထွက်ပေါ်လာသည်မှာ လောလောလတ်လတ်ပင်ရှိနေသေးသည်ကို သတိပြုရန် အရေးကြီးသည်။ နှစ်ပေါင်းများစွာ အဓိပ္ပါယ်ရှိသော ဥပဒေပြုရေး လုပ်ငန်းများ မရှိခဲ့ခြင်းကြောင့် လွှတ်တော်နှစ်ရပ်၏ အစောပိုင်းဆောင်ရွက်ချက်များမှာ အတွေ့အကြုံလိုအပ်မှုများရှိသည်ဟူသော သွင်ပြင်လက္ခဏာဆောင်သည်မှာ အံ့သြဖွယ်ရာမရှိပေ။ လွှတ်တော်စီမံမှုတွင် လုပ်ငန်းကျွမ်းကျင်ပြီး လုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်နိုင်သည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းရန် နှစ်ပေါင်းများစွာ ကြာခဲ့ပြီး ယခုတိုင်လက်နက်ကိုင်အင်အားစုများနှင့် နိုင်ငံ့ဗျူရိုကရေစီများ၏ စွက်ဖက်ခြင်းမှ အလုံးစုံမကင်းလွတ်သေးပေ။

အာဏာရှင်ခေတ်လွန် လွှတ်တော်ပထမသက်တမ်း (၂၀၁၁ - ၂၀၁၆) တွင် ဥပဒေပြုမှုကို လိုအပ်သည် ထက်ဆောင်ရွက်ခဲ့ပြီး မပြည့်မစုံရေးသားထားသည့် ဥပဒေအများအပြားထွက်ပေါ် လာစေခဲ့သည်။ ယင်းဥပဒေများကို ပြန်လည်ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်းများကို တခါမက ပြန်လည်ပြုလုပ်ရသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးကျင်းပခဲ့သည့် အဖွဲ့ချုပ် ဦးဆောင်သည့် လွှတ်တော်သည် ကိုယ်စားပြုမှုနှင့် လူထု ဆက်ဆံရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သည်။ ထိခိုက်လွယ်သော ကိစ္စရပ်အချို့ကို စုံညီစည်းဝေးများတွင် ဆွေးနွေးရန် ဆန္ဒမရှိသည်ဖြစ်သောကြောင့် ဥပဒေပြုမဏ္ဍိုင်၏

လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်လာစေခဲ့သည်ဟု ထောက်ပြ ဝေဖန်မှုများရှိသည်။ အထူးသဖြင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးနှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ်၏ အထက်အောက် အာဏာစီးဆင်းပုံနှင့် ပတ်သက်သည့် စိုးရိမ်မှုများမြင့်တက်စေခဲ့သည်။ လွှတ်တော်မှ စောင့်ကြည့်ထိန်းကျောင်းခြင်း သဘောတရားကို ကိုယ်စားလှယ်များက ကောင်းစွာနားလည်ခြင်း မရှိကြောင်းကို ဖြစ်စဉ်များက အခိုင်အမာ သက်သေထူလျက်ရှိသည်။ လွှတ်တော်မှ စောင့်ကြည့်ထိန်းကျောင်းခြင်းသည် နိုင်ငံရေးအရ အစိုးရကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ယူဆသည့် ကိုယ်စားလှယ်များလည်းရှိသည်။

ယခုစာတမ်းသည် သက်တမ်းခြောက်နှစ်၊ အထွေထွေရွေးကောက်ပွဲများ နှစ်ကြိမ်သာပြုလုပ်ပြီးသည့် အနေအထားတွင် လွှတ်တော်ကိုလည်းကောင်း၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများကိုလည်းကောင်း လုပ်ငန်းကျွမ်းကျင်မှု မြင့်မားလာစေရန် အားတက်သရောဆောင်ရွက်နေမှုများကို ထောက်ပြခြင်းဖြစ်သည်။ ပါလီမန်အစိုးရ ပြန်လည်အသက်သွင်းရန်အားထုတ်နေသည့် အာဏာရှင်ခေတ်လွန်နိုင်ငံများတွင် မြန်မာနိုင်ငံ၏ဖြစ်စဉ်သည် ထူးခြားမှု ဖြစ်စဉ်ဖြစ်ပြီး စံပြဥပမာပင်ဖြစ်လာနိုင်သည်။ သို့သော် မြန်မာ့ဒီမိုကရေစီအပြောင်းအလဲအတွက် မရှိမဖြစ် လိုအပ်သည့် အစုအဖွဲ့ အဖြစ်ဆက်လက်တည်ရှိရန် လွှတ်တော်အားပံ့စံသွင်းပေးရာတွင်လည်းကောင်း၊ လွှတ်တော်နှင့် ၎င်း၏ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့် စုစည်းခိုင်မာလာစေရန်လည်းကောင်း၊ လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ပိုမိုအားကောင်းလာအောင်ဆောင်ရွက်ရာတွင်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်နားလည်သိရှိရန်အတွက် လွှတ်တော်အတွင်း တိုးတက်မှုရှိလာအောင် ပို၍အားထည့် အာရုံစိုက်ရမည်ဖြစ်သည်။

## အခန်း ၉။ အရေးပါသောမေးခွန်းများ၊ ဆက်လက်လေ့လာရန် စာတမ်းများ

**ဆွေးနွေးရန်မေးခွန်းများ**

- ပြည်ခိုင်ဖြိုးသက်တမ်းတွင် ဥပဒေပြုရေးကို အလွန်အကျွံအာရုံစိုက်ခဲ့သည်။ အဖွဲ့ချုပ် သက်တမ်းတွင်မူ ကိုယ်စားပြုရေးကို အထူးအာရုံစိုက်သည်။ လွှတ်တော်၏ အဓိက တာဝန်ကြီး ၃ ရပ်ဖြစ်သော ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဟန်ချက်ညီဆောင်ရွက်နိုင်မည်လား။

- လွှတ်တော်၏ အချိန်နှင့်လုပ်ငန်းများကို ထိရောက်စွာစီမံနိုင်ရန် ပြည်ထောင်စုလွှတ်တော်နှင့် စီမံအဖွဲ့သည် အသေးစိတ် အချိန်ဇယားတစ်ခု ပြုစုနိုင်မည်လား။

- လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်နိုင်မည်လား။ အထူးသဖြင့် လုံခြုံရေးကဏ္ဍကို စနစ်တကျစိစစ်ခြင်းနှင့် ဘဏ္ဍာနှစ်တစ်နှစ်၏အရ အသုံးခန့်မှန်းခြေငွေ စာရင်း (သို့) ဘတ်ဂျက်နှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှု အသုံးစရိတ်များကို အပေါ်ယံစိစစ်ခြင်းမှ ရှေ့တက်လှမ်းနိုင်မည်လား။

- ပါတီတစ်ခုတည်းက စိုးမိုးထားသည့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်ဥပဒေပြုရေး အာဏာများ မည်သည့်ဆက်ဆံရေးပုံစံဖြင့် ပေါ်ပေါက်လာမည်နည်း။

- မူဝါဒချမှတ်ခြင်းကို အာဏာရပါတီများကသာ လွှမ်းမိုးထားသည်ဖြစ်သောကြောင့် လွှတ်တော်အတွင်း အတိုက်အခံပါတီများ၏ အခန်းကဏ္ဍ အားကောင်းခိုင်မာလာနိုင်မည်လား။

- အာဏာရှင်ခေတ်လွန် ဥပဒေပြုမဏ္ဍိုင် ခိုင်မာရေးကိုပံ့ပိုးပေးနိုင်ရန် လုပ်ငန်းကျွမ်းကျင်ပြီး လုပ်ငန်းပေါ်တွင် အာရုံစိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင်းပုံမှန်ရှိ နေရန်လိုအပ်သည်။ လာမည့် အထွေထွေ ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ် ပြောင်းလဲမှုဆက်လက် မြင့်မားနိုင်ပါသလား။

- လာမည့်ရွေးကောက်ပွဲများတွင် လွှတ်တော်၏ လူမှုသရုပ်သဏ္ဌာန်စုဖွဲ့မှုပုံစံ မည်သို့ဖြစ်ပေါ်လာနိုင်သနည်း။ အထူးသဖြင့် အမျိုးသမီးများနှင့် လူနည်းစုကိုးကွယ်သည့်ဘာသာမှ ကိုယ်စားလှယ်များပါဝင်သည့် အားလုံးပါဝင်ကိုယ်စားပြုမှု ဖြစ်ပေါ်လာနိုင်မည်လား။ ။

- လွှတ်တော်အတွင်း တပ်မတော်၏ကဏ္ဍမည်ကဲ့သို့ရှိလာနိုင်သနည်း။ စစ်တပ်မှ ခန့်အပ်ထားသည့် ကိုယ်စားလှယ်များသည် တိတ်ဆိတ်စွာလုပ်ငန်းကိုအာရုံစိုက်၍ ဖွဲ့စည်းပုံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ဗီတိုအာဏာကို အသုံးချနေရင်းနှင့် ဆက်လက် ရပ်တည်နေဦးမည်လား။

- နေပြည်တော်အလွန် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ အခန်းကဏ္ဍမည်သို့ ဖြစ်ပေါ်လာနိုင်သနည်း။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များသို့ အချို့သောအရေးပါသည့် ဥပဒေပြုအာဏာများ၊ သီးခြားလွှတ်လပ်ခွင့်များလွှဲပြောင်းမှုများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြင်ဆင်မှုများပေါ်ပေါက်လာနိုင်ပါသလား။

## ဆက်လက်လေ့လာရန် စာတမ်းများ


Chit Win and Thomas Kean. "Communal Conflict in Myanmar: The Legislature's Response, 2012-2015." Journal of Contemporary Asia 47, no. 3 (forthcoming July 2017).

Egreteau, Renaud. "Emerging Patterns of Parliamentary Politics." In Myanmar: The Dynamics of an Evolving Polity, edited by David I. Steinberg, 59-88. Boulder CO: Lynne Rienner, 2014.

-------. "Who Are the Military Delegates in Myanmar's 2010 – 2015 Union Legislature?", Sojourn 30, no. 2 (2015): 338-370.

-------. Caretaking Democratization: The Military and Political Change in Myanmar. New York: Oxford University Press, 2016.

Fink, Christina. "Myanmar's Proactive National Legislature." Social Research 82, no. 2 (2015): 327-354.

Fish, M. Steven. "Stronger Legislatures, Stronger Democracies." Journal of Democracy 17, no. 1 (2006): 5-20.

Hluttaw Research Services (HRS). Key Issues for the New Hluttaw (2016). Nay Pyi Taw: HRS, January 2016.

International Crisis Group (ICG). Not a Rubber Stamp: Myanmar's Legislature in a Time of Transition." Asia Briefing No. 142. Brussels and Yangon: ICG, December 2013.

Murphy, Mary C. Survey of Myanmar. Members of Parliament: Reflections from the First Hluttaw. Yangon: UNDP Publications, 2016.

Norton, Philip, the Lord Norton of Louth. "Effective Capacity-Building: The Capacity To Do What?" Parliamentary Affairs 65 (2012): 520-528.

Robertson, Bart, Cindy Joelene, and Lauren Dunn. Local Developments Funds in Myanmar: An Initial Review. Sub-national Governance in Myanmar Discussion Paper No. 9. MDRI, Actionaid, and The Asia Foundation, October 2015.

Turnell, Sean. "Legislative Foundations of Myanmar's Economic Reforms. In Law, Society and Transition in Myanmar, edited by Melissa Crouch and Tim Lindsey, 183-199. Oxford: Hart Publishing, 2014.


The Asia Foundation

www.asiafoundation.org

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar